# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 4 March 2025 ၁၁၇၅၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် မတ် ၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှထွက်ခွာသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

## ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

## ယနေ့ ဖတ်စရာ


နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီကောင်းမွန်သည့် မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက် စာမျက်နှာ » ၅

သနပ်ခါးလိမ်းခြယ်သုံးစွဲခဲ့မှုကို အပယ်ရတနာဘုရားနှင့် စူဠာမဏိစေတီတို့ရှိ နံရံဆေးပန်းချီများတွင် တွေ့ရှိ စာမျက်နှာ » ၈

# တရားမဝင်ကုန်သွယ်မှုလုံးဝကင်းစင် ပပျောက်သည်အထိ မျှော်မှန်းတိုက်ဖျက်

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့က နေပြည်တော်တွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နိုင်ငံတော်နှင့် ပြည်သူအားလုံးကို အကျိုးမပြုသည့် တရားမဝင်ကုန်သွယ်မှုကို လုံးဝကင်းစင်ပပျောက်သည်အထိ မျှော်မှန်းကာ ပူးပေါင်းပါဝင် တိုက်ဖျက်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ဖမ်းဆီးရမိမှုများတွင် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် စစ်ကိုင်းတိုင်းဒေသကြီးက အများဆုံးဖမ်းဆီးရရှိခဲ့သည်။ ဒုတိယအများဆုံးဖမ်းဆီးရမိမှုမှာ မန္တလေးတိုင်းဒေသကြီးဖြစ်ပြီး တတိယအများဆုံးဖမ်းဆီးရမိမှုမှာ ရန်ကုန်တိုင်းဒေသကြီးဟု သိရသည်။ ကုန်ပစ္စည်းအမျိုးအစားအလိုက် ဖမ်းဆီးရမိမှုအခြေအနေတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင် ကုန်စည်တင်မော်တော်ယာဉ်များ အများဆုံးဖမ်းဆီးရမိပြီး ဒုတိယအများဆုံးမှာ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် တတိယအများဆုံးမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရသည်။

ယင်းတို့နှင့်ပတ်သက်၍ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအနက် "လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရာ၌ ဖမ်းဆီးရမိသူများအပြင် ပါဝင်ပတ်သက်နေသည့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကိုလည်း စိစစ်ဖော်ထုတ် အရေးယူသွားရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းသည် နိုင်ငံတော်အတွက်လည်း များစွာထိခိုက်စေနိုင်သဖြင့် ထိထိရောက်ရောက် ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်သွားရန်" အချက်ကို အလေးထားလိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုများသည် အကျင့်ပျက်ခြစားမှုများ ဖြစ်ပေါ်စေနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်သည်။ နိုင်ငံ၏ ပထဝီအနေအထားအရ ရှည်လျားသည့် နယ်စပ်တစ်လျှောက်တွင်ရှိသော တရားမဝင် ဝင်ထွက်ပေါက်များကို ထိန်းချုပ်နိုင်ရန်မှာ ခက်ခဲသည့်အနေအထားတွင်ရှိသည်။ အလားတူ တရားမဝင်ရှောင်ကွင်းလမ်းများမှ ဝင်ရောက်လာသည်များလည်းရှိသည်။ သို့သော် နယ်စပ်တစ်လျှောက် ဝင်ပေါက်များကို ထိန်းချုပ်နိုင်သည့် အဓိကလမ်းကြောင်းနေရာများတွင် တာဝန်ကျသူများက သစ္စာရှိမှု၊ ရိုးသားမှု၊ ကိုယ်ချင်းစာနာမှုနှင့် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုမည်ဆိုသည့် စိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်မှသာ မည်သည့်တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်သည်ဖြစ်စေ ယခုထက် ပိုမိုဖမ်းဆီးနိုင်မည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုကို တိုက်ဖျက်ရာတွင် မှန်ကန်သည့် သတင်းအချက်အလက်ရရှိမှု၊ သတင်းလုံခြုံမှုနှင့် သတင်းပေးလူပုဂ္ဂိုလ်အတွက် လုံခြုံရေးသည် အရေးကြီးသည်။ ရရှိသည့်သတင်းအချက်အလက်များကို တည်ဆောက်ပြီး လုံခြုံရေးအတွက်စုဖွဲ့ကာ တညီတညွတ်တည်း စုပေါင်းဆောင်ရွက်မှသာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုကို သတင်းပေးပို့သည့်အတွက် သတင်းပေးပို့သူနှင့် ဖမ်းဆီးသူများကိုပါ ခံစားခွင့်ရှိသည့် ငွေကြေးအကျိုးအမြတ်များကို ခွဲဝေဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ မှန်ကန်သည့် သတင်းပေးပို့မှုအကြိမ်အရေအတွက် တိုးတက်လာမှုနှင့်ပတ်သက်၍ ပြည်သူများအားလုံးသိရှိစေရေး နိုင်ငံပိုင်မီဒီယာ၊ ပုဂ္ဂလိကသတင်းဌာနများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန်လိုသည်။ စစ်ဆေးရေးနှင့် လုံခြုံရေးဂိတ်များတွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးလည်း စီမံဆောင်ရွက်ကြရန်လိုသည်။

နိုင်ငံတော်အနေဖြင့် ပို့ကုန်တင်ပို့မှုမြင့်မားတိုးတက်စေရေးနှင့် MSME ကုန်ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေးတို့အတွက် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိရေးကို အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်နေခြင်းဖြစ်သည်။ အလားတူ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းသည့်အတွက် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေရရှိမှုလည်း များစွာထိခိုက်စေသည့်အပြင် အရည်အသွေးမကောင်းသော လူသုံးကုန်များ၊ ဆေးဝါးများ၊ စားသောက်ကုန်များသည် စားသုံးသူပြည်သူများကို ဘေးအန္တရာယ်ဖြစ်စေသည့်အတွက် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးကို ကာကွယ်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ MSME လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေများ မဆုံးရှုံးစေရေးအတွက် တရားမဝင်ကုန်သွယ်မှုများကို ယခုထက် ပိုမိုတိုးတက် ဖမ်းဆီးရမိစေရေးနှင့် နိုင်ငံတော်နှင့် ပြည်သူအားလုံးကို အကျိုးမပြုသည့် တရားမဝင်ကုန်သွယ်မှုကို လုံးဝကင်းစင်ပပျောက်သည်အထိ မျှော်မှန်းကာ ပူးပေါင်းလက်တွဲ တိုက်ဖျက်ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှု စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဒေါ်ခင်မေရီ၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၅/၂၀၂၄ (ရန်ကုန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၇၉/၂၀၂၄ (မန္တလေး)၊ ၈၁/၂၀၂၄ (မကွေး)၊ ၈၂/၂၀၂၄ (မန္တလေး) စုစုပေါင်းရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၆/၂၀၂၄ (ကရင်)၊ ၁၇/၂၀၂၄ (ရန်ကုန်)၊ ၁/၂၀၂၅ (မန္တလေး)နှင့် ၂/၂၀၂၅ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၃ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၃ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၃၀၀ | ၇,၂၀၀ | ၇၀ | ၅၁၀,၇၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၂,၇၉၂ | ၈,၂၃၆,၄၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၃၆ | ၂၈၄,၄၀၀ |
| FPB | ၁,၉၀၀ | ၁,၈၅၀ | ၃၆၀ | ၆၆၈,၅၀၀ |
| TMH | ၂,၈၅၀ | ၂,၉၀၀ | ၆၃ | ၁၈၂,၀၅၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၉၁၂ | ၁,၄၅၉,၂၀၀ |
| AMATA | ၃,၈၅၀ | ၄,၀၀၀ | ၃၈၈ | ၁,၅၂၂,၈၅၀ |
| MAEX | ၃,၂၅၀ | ၃,၂၀၀ | ၇၁၂ | ၂,၂၅၄,၇၅၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီ အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာ ကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ အပါအဝင် ရုရှားအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊လေ) ဗိုလ်မှူးချုပ် မိုးကျော်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။ ထို့နောက် အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။ ထိုသို့ ဆောင်ရွက်စဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော် သီချင်းများအား တီးမှုတ်ဂုဏ်ပြု အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးက ရုရှားနိုင်ငံအစိုးရမှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များဖြင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူခဲ့သည်။

ယခုနှစ်တွင် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးသည် (၇၇) နှစ်ပြည့်မြောက်ပြီဖြစ်ပြီး နှစ်နိုင်ငံဆက်သွယ်ဆက်ဆံမှု၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှု၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုတို့၌ တိုးတက်မှုများဖြစ်ပေါ်လျက်ရှိပြီး ဆက်လက်၍လည်း ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လိုက်ပါလာသည့်အဖွဲ့ဝင်များ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအစ္ဆရိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တရားတော်များနာယူကြည်ညိုကြစဉ်။

နေပြည်တော် မတ် ၃

ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)တို့ လိုက်ပါ၍ ယနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ရှိမြန်မာထေရဝါဒ ဗုဒ္ဓစင်တာသို့ သွားရောက်၍ ဆရာတော်အား ဖူးမြော်ကြည်ညိုသည်။

## ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်စကိုမြို့ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့ ရောက်ရှိကြပြီး သဒ္ဓမ္မဇောတိက သိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအစ္ဆရိယအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ သီတင်းသုံးနေထိုင်ရမှုနှင့် သွားလာရေးအခြေအနေများ၊ ထေရဝါဒဗုဒ္ဓစင်တာအတွက်လိုအပ်ချက်များ၊ ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးနှင့် ပတ်သက်၍ သာသနာပြု လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းထိုင်ဆရာတော်ကြီးနှင့် သံဃာတော်အရှင်သူမြတ်တို့အား နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာအား ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေး အတွက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဋ္ဌသမ ရွှေကျင်သာသနာပိုင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့် အပြည်ပြည်ဆိုင်ရာ သာသနာပြုတက္ကသိုလ် ပါမောက္ခမဟာဌာနမှူး ဓမ္မဒူတ ဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒတို့၏ ဩဝါဒကိုခံယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား အမှူးထား၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ရုရှားနိုင်ငံတွင်ပညာတော်သင်ရောက်ရှိလျက်ရှိသည့် သင်တန်းသား မိသားစုများပူးပေါင်း၍ ၂၀၁၃ ခုနှစ်တွင် စတင်စီစဉ် ဆောင်ရွက်ခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် ကျောင်းရေစက်ချအခမ်းအနားကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ မြန်မာ့ထေရဝါဒဗုဒ္ဓဝိဟာရ၌ ရဟန်းရှင်လူများ စိတ်အေးချမ်းသာစွာဖြင့် တရားအားထုတ်နိုင်ရန် သီတဂူဆရာတော်ကြီး၏ဩဝါဒကိုခံယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ရဟန်းရှင်လူပြည်သူအများ၊ ရုရှားနိုင်ငံရောက် ပညာတော်သင် သင်တန်းသားအရာရှိများစုပေါင်း၍ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင်များက ရေစက်ချလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင် ရုရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များနှင့် အိမ်နီးချင်းနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များ သာသနာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေးထားရသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဟားခါးမြို့၌ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

ဟားခါး မတ် ၃

မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ကြိုးစားလေ့လာသင်ယူ

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က မီးသတ်တပ်ဖွဲ့ကို ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများကို မီးဘေးအန္တရာယ်မှ တာဆီးကာကွယ်ရေးလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လျင်မြန်ထိရောက်စွာ တုံ့ပြန်



ဆောင်ရွက်နိုင်ပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်နှင့် ရှာဖွေကယ်ဆယ်ရန်အတွက် ဌာနဆိုင်ရာများက နိုင်ငံ့ဝန်ထမ်းများအား လေ့ကျင့်ပေးရခြင်းဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတစ်လွှားမှာ သဘာဝကြောင့်ဖြစ်ပွားသည့် ဘေးနှင့် လူကြောင့်ဖြစ်ပွားသည့် ဘေးအမျိုးမျိုး နှစ်စဉ်ပိုမိုဖြစ်ပွားလျက်ရှိပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏလည်း ပိုမိုများပြားသည်ကို တွေ့ရှိရပါကြောင်း၊ သင်တန်းကာလအတွင်း သင်တန်းကချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာကြရန်၊ နားမလည်၊ မရှင်းလင်းသည့်အချက်များကိုလည်း ပွင့်ပွင့်လင်းလင်းမေးမြန်းပြီး ကြိုးစားလေ့လာသင်ယူကြရန် မှာကြားလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က သင်းတန်းသားများအတွက် တူညီဝတ်စုံများ ပေးအပ်ကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေးကျင်းပ

## နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီကောင်းမွန်သည့် မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်



နေပြည်တော် မတ် ၃

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိုင်ငံတော်၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် ခေတ်မီကောင်းမွန်သည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို တည်ထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေ ၄ ရပ်အနက် ၂၀၂၃ ခုနှစ်တွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ၊ ၂၀၂၄ ခုနှစ်တွင် တီထွင်မှု မူပိုင်ခွင့်ဥပဒေများ အာဏာသက်ဝင်နိုင်ခဲ့ပါကြောင်း၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် စာပေအနုပညာဖန်တီးမှုများကို မြှင့်တင်နိုင်စေရန် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ တီထွင်ဖန်တီးသူပညာရှင်များအတွက်မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တစ်ရပ်ကိုလည်း အခြားသောဒေသတွင်း နိုင်ငံများနှင့် အာဆီယံနိုင်ငံများနည်းတူ စတင်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ လက်ရှိကျင့်သုံးနေသည့် မူပိုင်ခွင့်စနစ်သည် နိုင်ငံတကာတွင် သတ်မှတ်ကျင့်သုံးနေသည့် စံများနှင့် ကိုက်ညီရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံ၏လက်ရှိဖြစ်တည်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခြေအနေများနှင့်လည်း လိုက်လျောညီထွေမှုရှိရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်တွင် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများ ဖြစ်ပေါ်လာစေရန် အထောက်အကူဖြစ်စေပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မူပိုင်ခွင့်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ကျရာကဏ္ဍများမှ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်များအား မူပိုင်ခွင့်အသိပညာပေးခြင်း၊ တီထွင်ဖန်တီးလိုစိတ်များ မြင့်မားစေရန် အားပေးလှုံ့ဆော်ခြင်း၊ တက္ကသိုလ်၊ သုတေသနဌာနများမှ တီထွင်ဖန်တီးမှုများကို ဈေးကွက်တွင် ဖြန့်ဖြူးနိုင်စေရန်အတွက် MSME လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တွင် တည်ဆောက်နေသည့် မူပိုင်ခွင့်စနစ်သည် တစ်မျိုးသားလုံးကို အကျိုးပြုနိုင်စေရန် အသုံးချနိုင်မည့် စနစ်တစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မူပိုင်ခွင့်ဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးသို့တင်ပြသည့် အမှာစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်သူနှီးနှောဖလှယ်ပွဲနှင့် စိုက်ပျိုးရေးထုတ်ကုန်ပြပွဲတွင် သမဝါယမအသင်းများ၏ထုတ်ကုန်များ ခင်းကျင်းပြသ



တောင်ကြီး မတ် ၃

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်သူနှီးနှောဖလှယ်ပွဲနှင့် စိုက်ပျိုးရေးထုတ်ကုန်ပြပွဲ အခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ထုတ်ကုန်ပြပွဲတွင် သမဝါယမအသင်းထုတ်ကုန်များဖြစ်သည့် ရှမ်းပြည်နယ် (တောင်ပိုင်း/အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်မှ ဗေဒါသဘာဝမြေဩဇာ၊ ရပ်စောက်မြို့နယ် သမဝါယမအသင်းစု စွမ်းထက်သဘာဝမြေဩဇာ၊ ရပ်စောက်မြို့နယ် နောင်မှိုင်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ထုတ်လုပ်သည့် SR-456 ရွှေရင်အေးစပါးမျိုး၊ ရေဆင်း-၁၄ ပဲပုပ်မျိုးစေ့၊ ရပ်စောက်မြို့နယ် သမဝါယမအသင်းစု ရေဆင်း-၁ စပ်မျိုးနေကြာ၊ စိန်ရတာမျိုးစေ့ထုတ် သမဝါယမအသင်းမှ ထုတ်လုပ်သော ရေဆင်း-၁၅ ပဲပုပ်မျိုးစေ့၊ ဒေသမျိုးပဲပုပ်စေ့၊ ရွာငံမြို့နယ်သမဝါယမအသင်းစုမှ ကော်ဖီနှင့် ဟိုပုံးမြို့ Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ ကော်ဖီများ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့အင်ဂျင်နီယာများနေ့ [မတ်လ (၄) ရက်]

ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ် (WFEO) သည် ကမ္ဘာ့အင်ဂျင်နီယာများအတွက် ဂုဏ်ပြုသည့်နေ့ တစ်နေ့ရှိသင့်သည်ဟု အဆိုပြုခဲ့ပြီး WFEO သည် UNESCO ထံ **“Engineering for a Sustainable World”** ဆိုသည့် ကမ္ဘာကြီးအတွက် အရေးကြီးသော သဘောတရားကို တင်ပြခဲ့ရာ ၂၀၁၉ ခုနှစ်တွင် UNESCO အဖွဲ့သည် WFEO ၏ အဆိုပြုချက်ကို လက်ခံခဲ့ပြီး မတ်လ ၄ ရက်နေ့ကို ကမ္ဘာ့အင်ဂျင်နီယာများနေ့ (World Engineering Day for Sustainable Development) အဖြစ် တရားဝင်သတ်မှတ်ပေးခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ကြပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် UNESCO ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာအဖွဲ့က ကြီးမှူး၍ အွန်လိုင်းဖြင့် စတင်ကျင်းပခဲ့ပြီး ယင်းနောက် ၂၀၂၂ ခုနှစ်တွင် ကော်စတာရီကာနိုင်ငံ၊ ၂၀၂၃ ခုနှစ်တွင် စပိန်နိုင်ငံ၊ ၂၀၂၄ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံတို့၌ အသီးသီးလက်ခံကျင်းပခဲ့ပြီး ယခု ၂၀၂၅ ခုနှစ်တွင် UNESCO ၏ ရုံးချုပ်တည်ရှိရာ ပဲရစ်မြို့၌ ကျင်းပမည်ဖြစ်ပါသည်။

ကမ္ဘာ့အင်ဂျင်နီယာများနေ့ အခမ်းအနားများ ကျင်းပရာတွင် အင်ဂျင်နီယာအတတ်ပညာသည် တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါမှု၊ စဉ်ဆက်မပြတ်သောဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Sustainable Development Goals- SDGs) အနက်မှ အရည်အသွေးမြင့်ပညာရေး၊ သန့်ရှင်းသောရေနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူသားတို့၏ နောင်အနာဂတ်ကာလအတွက် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် တာဝန်ယူမှုရှိသော အင်ဂျင်နီယာနည်းပညာများကိုအသုံးချမှု စသည့် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍကို ထင်ဟပ်စေရန် ရည်ရွယ်၍ အင်ဂျင်နီယာအသင်းအဖွဲ့များ၊ တက္ကသိုလ်များ၊ ကုမ္ပဏီများအနေဖြင့် နည်းပညာဆိုင်ရာ သင်တန်းများ၊ အစည်းအဝေးများ၊ လူမှုအသိပညာပေးအစီအစဉ်များကို ပြုလုပ်လေ့ရှိပါသည်။

ထိုသို့ပြုလုပ်ကြခြင်းဖြင့် အင်ဂျင်နီယာအတတ်ပညာတစ်ခုခုကို စိတ်ဝင်စားသော လူငယ်များကို လှုံ့ဆော်ပေးနိုင်ခြင်း၊ ကမ္ဘာ့ဖန်တီးမှုအသွင်အပြင်များကို ပြောင်းလဲပေးနိုင်သော အင်ဂျင်နီယာများ၏ အရေးပါမှုကို အသိပညာပေးနိုင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော နည်းပညာများအသုံးချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ပါသည်။ ဤသို့ဖြင့် ကမ္ဘာ့အင်ဂျင်နီယာများနေ့သည် အင်ဂျင်နီယာပညာနှင့် အနာဂတ်ဖန်တီးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဂုဏ်ပြုသောနေ့တစ်နေ့ ဖြစ်လာခဲ့ပါသည်။




## ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ အဓိပ္ပာယ်

အင်ဂျင်နီယာပညာသည် လူသားတို့အတွက် ကောင်းမွန်သည့်အနာဂတ်ကို တည်ဆောက်ရန် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို ထောက်ပံ့ပေးခြင်း၊ အင်ဂျင်နီယာအတတ်ပညာ စွမ်းရည်မြှင့်တင်ခြင်း၊ အင်ဂျင်နီယာလုပ်ငန်းများ၏ အရေးပါသောနည်းပညာများကို အများပြည်သူသိရှိစေခြင်း၊ ငယ်ရွယ်သော အင်ဂျင်နီယာများ၊ ကျောင်းသားများအား ကိုယ်ပိုင်ဖန်တီးမှုများ တိုးတက်ရန် လမ်းပြပေးခြင်းတို့ကို ဖော်ဆောင်ပေးခြင်းဟု **“ကမ္ဘာ့အင်ဂျင်နီယာများနေ့”** ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

## စဉ်ဆက်မပြတ် တိုးတက်နေသော အင်ဂျင်နီယာပညာ

လူ့ဘောင်အသိုင်းအဝိုင်း တိုးတက်မှုနှင့်အတူ အင်ဂျင်နီယာပညာသည် လူသားများ၏ နေထိုင်မှု၊ လုပ်ကိုင်မှု၊ ဆက်သွယ်မှုများကို ပြောင်းလဲလာစေပါသည်။ မြို့ပြဖွံ့ဖြိုးမှုမှစ၍ စွမ်းအင်၊ ရေသန့်သုံးစွဲမှု၊ ကုန်ထုတ်လုပ်မှုနှင့် နည်းပညာတီထွင်မှုများသည် အင်ဂျင်နီယာပညာရပ်များ တိုးတက်လာမှုကြောင့် ဖြစ်ပြီး စဉ်ဆက်မပြတ်တိုးတက်နေသော ကမ္ဘာကို ဖန်တီးရန် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါပါသည်။ အင်ဂျင်နီယာပညာသည် လူ့ဘောင်အတွက် မဖြစ်မနေ အရေးပါမှုရှိနေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေရန် အလွန်အရေးကြီးပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ စွမ်းအင်အသုံးချမှု ထိရောက်စေရန်နှင့် စက်မှုထွန်းကားမှုကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများကိုလျှော့ချရန် နည်းပညာသစ်များ တီထွင်ဖန်တီးခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအနေဖြင့် စိမ်းလန်းတိုးတက်သော အင်ဂျင်နီယာပညာရပ် (Green Engineering) ကို ပိုမိုအာရုံစိုက်လာကြပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)၊ နည်းပညာအဆင့်မြင့်မြို့တော်များ (Smart Cities) နှင့် ဂေဟစနစ်နှင့် သဟဇာတဖြစ်သော စက်မှုအလေ့အကျင့်များ (Eco-friendly Industrial Practices) စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ရရှိအသုံးပြုလာနိုင်စေရန် အင်ဂျင်နီယာများ၏ ထောက်ပံ့မှုလိုအပ်နေပါသည်။

> **“ထုတ်လုပ်မှုလုပ်ငန်းတွင်** AI၊ IoT၊ Robotics **များအသုံးပြု၍ ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုထိရောက်စေခြင်း၊ စွမ်းအင်အသုံးချမှုကို ထိရောက်စေရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်** (Renewable Energy) **နှင့် အစိမ်းရောင်ကုန်ထုတ်လုပ်ငန်းနည်းပညာများ** (Green Manufacturing Technologies) **ကို အသုံးပြုခြင်း၊ ခေတ်မီတိုးတက်သောကုန်ထုတ်လုပ်မှုစနစ်များဖြင့် ကုန်ကျစရိတ်ကို လျှော့ချခြင်း၊** ISO၊ GMP၊ WHO Standard **များအတိုင်း ထုတ်ကုန်အရည်အသွေး အဆင့်မြင့်တင်ခြင်း၊ ခေတ်မီနည်းပညာများ အသုံးပြုကာ ကုန်ကြမ်းဝယ်ယူမှု၊ သိုလှောင်မှု၊ ကွန်ရက်ချိတ်ဆက်ဖြန့်ဖြူးမှုများ အသုံးချခြင်းတို့ကို အင်ဂျင်နီယာပညာရပ်များဖြင့် ပံ့ပိုးလျက်ရှိ”**

## မြန်မာနိုင်ငံအတွက် အင်ဂျင်နီယာပညာ အရေးပါမှု

မြန်မာနိုင်ငံအနေဖြင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုနှင့် အများပြည်သူနေထိုင်မှုတို့တွင် တိုးတက်အောင် လုပ်ဆောင်ရန် အင်ဂျင်နီယာပညာရပ်များ မရှိမဖြစ်လိုအပ်နေပြီး MSME များအတွက် နည်းပညာအသိပညာများ ဖွံ့ဖြိုးရန်၊ သံမဏိနှင့် ဆောက်လုပ်ရေးပစ္စည်းထုတ်လုပ်မှုတွင် စွမ်းအင်လျှော့ချနိုင်ရန်၊ ဆေးဝါးထုတ်လုပ်မှုတွင် GMP, WHO standard များနှင့် ကိုက်ညီမှုရှိစေရန်၊ အစိမ်းရောင်စက်မှုလုပ်ငန်းများ (Green Industry) ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နောက်ထပ် ပြုပြင်ပြောင်းလဲမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်စေရန် အင်ဂျင်နီယာပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်က ကဏ္ဍစုံ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ သာဓကအားဖြင့် အင်ဂျင်နီယာပညာ နှစ် ၁၀၀ ပြည့် အခမ်းအနားကို နေပြည်တော် ပိုလီတက္ကနစ်တက္ကသိုလ်ဖွင့်ပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပိုလီတက္ကနစ်တက္ကသိုလ်များဖွင့်လှစ်ခြင်း၊ စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်းနှင့် MSME ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေခြင်းတို့ ဖြစ်ပါသည်။

## အင်ဂျင်နီယာပညာဖြင့် ကောင်းမွန်သောအနာဂတ်ကို တည်ဆောက်ခြင်း (Engineering for a Better Future)

မြန်မာနိုင်ငံအတွက် အင်ဂျင်နီယာပညာရပ်အခြေခံကောင်းများ ရရှိနိုင်စေရန် နိုင်ငံတော်က အခြေခံပညာမူလတန်းမှ တက္ကသိုလ်အဆင့်အထိ **STEM Education** (Science, Technology, Engineering, Mathematics) ကို မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နောင်လာမည့် စက်မှုဖွံ့ဖြိုးမှုအတွက် အဓိကကျသော အခန်းကဏ္ဍကို အားဖြည့်ပံ့ပိုးပေးလျက်ရှိပါသည်။

**ကိုချင်း**

အနာဂတ်၏ အင်ဂျင်နီယာလောင်းများ၊ နည်းပညာရှင်လောင်းများအနေဖြင့် ပိုမိုလေ့လာသင်ကြားနိုင်စေရန် တန်ဖိုးရှိသောအခွင့်အရေးများ ပေးအပ်လျက်ရှိပါသည်။

လူ့ဘောင်အသိုင်းအဝိုင်းသည် နည်းပညာတိုးတက်မှု အလျင်မြန်ဆုံးခေတ်ကို ကြုံတွေ့နေရပါသည်။ ဤတိုးတက်မှုများအတွက် အခြေခံကျသော အခန်းကဏ္ဍတစ်ခုမှာ အင်ဂျင်နီယာပညာရပ်ဖြစ်ပြီး အင်ဂျင်နီယာများသည် အခြေခံအဆောက်အအုံ၊ စွမ်းအင်ထုတ်လုပ်မှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သယ်ယူပို့ဆောင်ရေးနှင့် နောက်ဆုံးပေါ်နည်းပညာများကို ဖန်တီးခြင်း၊ တိုးတက်အောင်လုပ်ဆောင်ခြင်းတို့ဖြင့် ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိပ္ပာယ်ရှိသော လုပ်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

အင်ဂျင်နီယာပညာရပ်သည် ကမ္ဘာတည်သရွေ့ တည်ရှိနေမည့် ပညာရပ်တစ်ခုဖြစ်ပြီး လူ့ဘောင်သက်တမ်းတစ်လျှောက် နေထိုင်မှုအဆင့်မြှင့်တင်ခြင်းနှင့် ထိရောက်မှုမြှင့်တင်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကုန်ထုတ်လုပ်မှုစနစ်များ၊ စက်မှုလုပ်ငန်းများကို ပိုမိုထိရောက်စေရန် နည်းပညာတိုးတက်မှုများဖြင့် ပံ့ပိုးလုပ်ဆောင်နေပါသည်။

မြင်သာသော နည်းပညာတိုးတက်မှုများမှာ **စွမ်းအင်ထုတ်လုပ်မှုကဏ္ဍ**တွင် နေရောင်ခြည်၊ လေ၊ ရေစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်ခြင်း၊ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍ**တွင် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော ပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့ချခြင်း၊ **သယ်ယူပို့ဆောင်ရေးကဏ္ဍ**တွင် မြို့ပြ အဆင့်မြင့်သယ်ယူပို့ဆောင်ရေးစနစ်များ တည်ဆောက်ခြင်း၊ **အဆောက်အအုံတည်ဆောက်မှုကဏ္ဍ**တွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် ခေတ်မီဆန်းသစ်သည့်အဆောက်အအုံများ တည်ဆောက်ခြင်း၊ **ထုတ်လုပ်မှုကဏ္ဍ**တွင် AI၊ Automation၊ IoT စသည်တို့ကို အသုံးပြု၍ စက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ခြင်းတို့ ဖြစ်ကြပါသည်။

စက်မှုဖွံ့ဖြိုးလာစေရန်အတွက် အသုံးဝင်မည့် နည်းပညာများကို ဖန်တီးနိုင်ရန် အင်ဂျင်နီယာများအား ပြုစုပျိုးထောင်ခြင်း၊ ငယ်ရွယ်သည့် အင်ဂျင်နီယာများ ပိုမိုဖွံ့ဖြိုးနိုင်ရန် ပညာရေးနှင့် သုတေသနများကို အားထားခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ညီညွတ်သည့် စက်မှုကုန်ထုတ်လုပ်မှုများကို တိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်းတို့ဖြင့် နိုင်ငံတော်က အားထားရသည့် အင်ဂျင်နီယာလောင်းများကို ဆက်တိုက်မွေးထုတ်ပေးနေပါသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ကုန်သွယ်မှု၊ စွမ်းအင်ထုတ်လုပ်မှုနှင့် စီမံခန့်ခွဲမှုများကို လက်တွေ့ကျပြီး အသုံးဝင်သော နည်းပညာများဖြင့် ဖြေရှင်းရာတွင် အထောက်အပံ့ပြုနိုင်မည်ဖြစ်ပါသည်။

## အင်ဂျင်နီယာပညာနှင့် MSME များ အောင်မြင်မှု (Engineering Solutions for MSME Success)

MSME များသည် တစ်နိုင်ငံလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသော အဓိကကဏ္ဍတစ်ခု ဖြစ်ပါသည်။ MSME များသည် ကုန်ထုတ်လုပ်မှု၊ စားသုံးမှုဆိုင်ရာ ထုတ်ကုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ စသည့် မဖြစ်မနေသော အခန်းကဏ္ဍများ၌ ထမ်းဆောင်လျက်ရှိပါသည်။

**စာမျက်နှာ ၇ သို့**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆိုင်ရာသုံးသပ်ခြင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မတ် ၃

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆိုင်ရာ သုံးသပ်ခြင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်အေဂျင်စီဥက္ကဋ္ဌများက Virtual စနစ်ဖြင့် သတ်မှတ်နေရာများမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ နေပြည်တော်၌ အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပြပွဲနှင့်ပြိုင်ပွဲကျင်းပရေးနှင့် သက်ဆိုင်သည့် အတည်ပြုဆုံးဖြတ်ရမည့်အချက်များအား MSME လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုကို အချိန်နှင့်တစ်ပြေးညီခံယူပြီး အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်သည့်ပွဲတစ်ပွဲဖြစ်ခဲ့ကြောင်း၊ ဒေသထုတ်ကုန်များမှ Export ထုတ်ကုန်များအဖြစ် အဆင့်မြှင့်ထုတ်လုပ်နိုင်ရေးနည်းပညာများ၊ ထုပ်ပိုးမှုပုံစံများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ဝန်ကြီးဌာနများ၏ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများကို MSME လုပ်ငန်းရှင်များအား အသိပညာများ ဖြန့်ဝေပေးနိုင်ခဲ့သည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ဒေသထွက်ရိုးရာအစားအစာများကိုလည်း တိုင်းရင်းသားပြည်သူလူထုသို့ ထုတ်လုပ်ရောင်းချနိုင်ခဲ့ကြောင်း၊ MSME စတင်ဆောင်ရွက်လိုသူများနှင့် လုပ်ငန်းလုပ်ကိုင်နေသူများအတွက် အခွင့်အရေး၊ အသိပညာ၊ နည်းပညာ၊ စီးပွားရေးဗဟုသုတများ တိုးတက်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နောင်ကျင်းပမည့် MSME ပြပွဲနှင့်ပြိုင်ပွဲများကို ယခုထက် ပိုမိုအဆင့်အတန်းမီစွာ ဆောင်ရွက်နိုင်ရေးအတွက် အားနည်းချက်၊ အားသာချက်များကိုဖော်ထုတ်ခြင်းဖြစ်ကြောင်း၊ ဆပ်ကော်မတီအသီးသီး၏တွေ့ကြုံခဲ့သည့် အားနည်းချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြပွဲနှင့်ပြိုင်ပွဲ ထပ်မံကျင်းပသည့်အခါ ဒေသဆိုင်ရာအေဂျင်စီများအနေဖြင့် လုပ်ငန်းအသစ်များပေါ်ထွက်လာစေရေး၊ ထုတ်ကုန်အသစ်၊ ပြည်ပပို့ကုန်အသစ်များ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ ပိုမိုတိုးတက်ပေါ်ထွက်လာစေရေး ပံ့ပိုးကူညီအားပေးဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပစ္စည်းပြပွဲနှင့်ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးက ပြပွဲနှင့် ပြိုင်ပွဲကျင်းပခဲ့မှုအခြေအနေတို့ကိုလည်းကောင်း၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများက ပြပွဲနှင့်ပြိုင်ပွဲကျင်းပရန် စီမံဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့စဉ် အားနည်းချက်၊ အားသာချက်နှင့် အကြံပြုသုံးသပ်ချက်များကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒဂုံမြို့သစ်မြို့နယ်များအတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်လျက်ရှိ



ရန်ကုန် မတ် ၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီနှင့်အတူ ယနေ့နံနက် ၇ နာရီက မရမ်းကုန်းမြို့နယ် ပြည်လမ်းနှင့် ပါရမီလမ်းထောင့်၌ ယာဉ်ကြောကျပ်တည်းမှု လျှော့ချနိုင်ရေးအတွက် ပြည်လမ်းအား ကွန်ကရစ်လမ်းသား တိုးချဲ့ခင်းကျင်းနေမှု၊ လူသွားစင်္ကြံ Interlock ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းမဘေးရေမြောင်းအား ဆယ်ယူရှင်းလင်းရန်၊ အုပ်မိုးကိုင်းများ ခုတ်ထွင်ရှင်းလင်းရန်၊ အသုံးမပြုသည့် လျှပ်စစ်မီးကြိုးများ ရှင်းလင်းရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၇) ရပ်ကွက်ရှိဘဲတန်းချောင်းပေါ်၌ တည်ဆောက်ထားသည့် အမှတ်(၆) ရေတံခါးတိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မှာကြား**

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရှင်ထွေးညိုလမ်းသို့ သွားရောက်၍ လမ်းမတစ်လျှောက် ကျူးကျော်နေထိုင်မှုများ ရှင်းလင်းရန်၊ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် ရှင်ထွေးညိုသဘာဝမြေသားမိုရေစုကန်အား ဆိုလာရေသန့်စင်စနစ်ဖြင့် ရပ်ကွက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရန်၊ ကန်ပတ်လည်တစ်လျှောက် လူသွားစင်္ကြံများဆောင်ရွက်ပေးရန်နှင့် လေ့ကျင့်ရေးအားကစားပစ္စည်းများ တပ်ဆင်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❂ စာမျက်နှာ ၆ မှ

အင်ဂျင်နီယာပညာရပ်သည် MSME များအတွက် ကုန်ကျစရိတ်များ လျှော့ချရာတွင် အသုံးချနိုင်ခြင်း၊ ပြောင်းလဲမှုနှင့် ဆန်းသစ်တီထွင်မှုအတွက် AI ၊ IoT၊ Smart Manufacturing စနစ်များ အသုံးချနိုင်ခြင်း၊ စွမ်းအင်သုံးစွဲမှု လျှော့ချရာတွင် အသုံးချနိုင်ခြင်း၊ ပြည်ပဈေးကွက်ဝင်ရောက်နိုင်ရန် စံနှုန်းပြည့်မီသော ထုတ်ကုန်များဖန်တီးရာတွင် အသုံးချနိုင်ခြင်းတို့ဖြင့် တိုးတက်အောင် ကူညီပေးနေပါသည်။

ကမ္ဘာ့အင်ဂျင်နီယာများနေ့သည် MSME များအတွက် အင်ဂျင်နီယာပညာရပ်ဆိုင်ရာအဖြေ (Engineering Solutions) များကို ရရှိရန် အထောက်အကူဖြစ်နိုင်ပြီး နည်းပညာအသစ်များဖြင့် MSME များ၏ ထုတ်ကုန်များကို အဆင့်မြှင့်တင်နိုင်ခြင်း၊ စက်မှုလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်နှင့် သင့်တော်သောစနစ်များကို တိုးမြှင့်နိုင်ခြင်း၊ Automation၊ Robotics နှင့် ဒစ်ဂျစ်တယ်ထုတ်လုပ်မှု (Digital Manufacturing) များကို အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် MSME များသည် စီးပွားရေးတည်ငြိမ်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုတို့တွင် အဓိကကျပါသည်။ Industry 4.0 နည်းပညာများ၊ အစိမ်းရောင်အင်ဂျင်နီယာပညာရပ်များ (Green Engineering)၊ ဒစ်ဂျစ်တယ်ဆန်းသစ်မှု (Digital Innovation) များကို အသုံးချနိုင်ခြင်းသည် MSME များ၏ ပြိုင်ဆိုင်နိုင်မှုကို မြှင့်တင်ပေးနိုင်သည့် နည်းလမ်းများဖြစ်ပါသည်။

**အင်ဂျင်နီယာပညာနှင့် ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ**

အင်ဂျင်နီယာပညာသည် စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှုနှင့် MSME များ ဖွံ့ဖြိုးတိုးတက်မှုအတွက် မဖြစ်မနေ လိုအပ်သော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ထုတ်လုပ်မှုလုပ်ငန်းသည် တစ်နိုင်ငံလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသော အဓိကကဏ္ဍဖြစ်ပါသည်။ ထုတ်လုပ်မှုလုပ်ငန်း (Manufacturing Sector) တွင် သံမဏိ၊ ဆေးဝါး၊ အထည်၊ ဆေးသုတေသန၊ စက်မှုထုတ်ကုန်၊ အောက်ဆီဂျင်နှင့် ဓာတုစွမ်းအင်ထုတ်လုပ်မှုများ ပါဝင်ပါသည်။

ထုတ်လုပ်မှုလုပ်ငန်းတွင် AI ၊ IoT ၊ Robotics များအသုံးပြု၍ ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုထိရောက်စေခြင်း၊ စွမ်းအင်အသုံးချမှုကို ထိရောက်စေရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) နှင့် အစိမ်းရောင်ကုန်ထုတ်လုပ်ငန်းနည်းပညာများ (Green Manufacturing Technologies) ကို အသုံးပြုခြင်း၊ ခေတ်မီတိုးတက်သောကုန်ထုတ်လုပ်မှုစနစ်များဖြင့် ကုန်ကျစရိတ်ကို လျှော့ချခြင်း၊ ISO ၊ GMP ၊ WHO Standard များအတိုင်း ထုတ်ကုန်အရည်အသွေး အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီနည်းပညာများ အသုံးပြုကာ ကုန်ကြမ်းဝယ်ယူမှု၊ သိုလှောင်မှု၊ ကွန်ရက်ချိတ်ဆက်ဖြန့်ဖြူးမှုများ အသုံးချခြင်းတို့ကို အင်ဂျင်နီယာပညာရပ်များဖြင့် ပံ့ပိုးလျက်ရှိပါသည်။

MSME များသည် ထုတ်လုပ်မှုလုပ်ငန်းများ၏ အခြေခံအစိတ်အပိုင်းများဖြစ်ပြီး အထည်ချုပ်၊ စားသောက်ကုန်ထုတ်လုပ်မှု၊ စက်မှုကုန်ထုတ်လုပ်မှုများတွင် အဓိကပါဝင်ပါသည်။ MSME များသည် မတည်ငြိမ်သော စီးပွားရေးအခြေအနေများကို ရင်ဆိုင်နေရပြီး အင်ဂျင်နီယာပညာရပ်များကို အသုံးချခြင်းဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ ယှဉ်ပြိုင်နိုင်မှုကို ပိုမိုမြင့်မားလာစေရန် အထောက်အကူဖြစ်စေပါသည်။ မြန်မာနိုင်ငံတွင် ထုတ်လုပ်မှုလုပ်ငန်းများနှင့် MSME များသည် စီးပွားရေးတည်ငြိမ်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုတို့တွင် အဓိကဖြစ်ပါသည်။

**အင်ဂျင်နီယာပညာနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ**

အင်ဂျင်နီယာပညာသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်ပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အစားအသောက်ထုတ်လုပ်မှု၊ စိုက်ပျိုးမှုများထိရောက်မှုကို မြှင့်တင်မှုနှင့် စိုက်ပျိုးမှုစနစ်များကို တိုးတက်အောင် ဆောင်ရွက်ရာတွင် **လယ်ယာအင်ဂျင်နီယာပညာ (Agricultural Engineering)** ၏ နည်းပညာများ အသုံးချခြင်းဖြင့် စိုက်ပျိုးမှုများ ထိရောက်မှုကို မြှင့်တင်နိုင်သော နည်းလမ်းများကို ဖန်တီးပေးနိုင်ပါသည်။

မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးသူများနှင့် MSME များသည် စီးပွားရေးတည်ငြိမ်မှုနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အဓိကတာဝန်ယူပေးပါသည်။ နည်းပညာမြင့် လယ်ယာစိုက်ပျိုးရေး (Smart Agriculture)၊ အစိမ်းရောင်စွမ်းအင်သုံးလယ်ယာများ(Green Energy for Farming)၊ ဒစ်ဂျစ်တယ်စိုက်ပျိုးရေးကုန်သွယ်မှု (Digital Agro-trade) များကို အသုံးချလာနိုင်ခြင်းသည် လယ်ယာလုပ်ငန်းများ၏ တိုးတက်မှုကို မြှင့်တင်ပေးနိုင်မည့် နည်းလမ်းများ ဖြစ်ပါသည်။ အင်ဂျင်နီယာပညာဖြင့် လယ်ယာစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများကို ဖွံ့ဖြိုးနိုင်စေမည့်နည်းလမ်းများကို ကဏ္ဍမျိုးစုံ၌ ထောက်ပံ့ဆောင်ရွက်နိုင်ပါသည်။

အင်ဂျင်နီယာပညာရပ်သည် လူ့ဘောင်လောကအတွက် စဉ်ဆက်မပြတ်သော တိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သည့် အဓိပ္ပာယ်ပါဝင်မှုကြီးမားသော နည်းပညာဖြစ်ပါသည်။ **ကမ္ဘာ့အင်ဂျင်နီယာများနေ့သည် အနာဂတ်အတွက် ထိရောက်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာအဖြေများ (Engineering Solutions)** ရှာဖွေမှုကို အားကောင်းစေရန်နှင့် နည်းပညာဆန်းသစ်တိုးတက်မှုများဖြင့် အများပြည်သူများအား စိတ်ဓာတ်တက်ကြွစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် အနာဂတ်ကမ္ဘာအတွက် ကျင်းပဆောင်ရွက်နေကြခြင်း ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် မတ် ၃

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာ ပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒိနသာရ က ဆောင်ရွက် တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် တွဲဖက် အကျိုးတော်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာ ဘိဝံသ က ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင် ကြောင်းနှင့် ကြွရောက်တော်မူလာ ကြသော နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြား လျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေး ကျင်းပသွားမည် ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၏ တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာနှင့် ပတ်သက်၍ ဝိနိစ္ဆယရေးရာကဏ္ဍတွင် ရန်ကုန် တိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တဝိရောစန၊ ရွှေကျင်ဂိုဏ်း ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရ၊ ရခိုင်ပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒာဝုဓတို့က လည်းကောင်း၊ သာသနာရေးရာကဏ္ဍတွင် မကွေး တိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဉာဏိက၊ မဟာဒွါရဂိုဏ်း ကိုယ်စားလှယ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇဓမ္မာစရိယ ဝိနယဓရ ဝိနယဝိဒူ ဘဒ္ဒန္တမေတ္တာနန္ဒ၊ မွန်ပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒတို့က လည်း ကောင်း၊ ပညာရေးရာကဏ္ဍတွင် တနင်္သာရီ တိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒဝံသ၊ အနောက်ချောင်းဒွါရ ဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒိယဉာဏာ ဘိဝံသ၊ ရှမ်းပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကလျာဏ တို့ကလည်းကောင်း ဆွေးနွေးတော် မူကြပြီး နံနက်ပိုင်း အစည်းအဝေး ကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်း အဝေးကို ဆက်လက်ကျင်းပရာ တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာ အပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော် ဆောင် ဆရာတော်များဖြစ်ကြ သော အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာဓဇနှင့် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဣန္ဒာ စရိယတို့က ပြန်လည်ရှင်းလင်း လျှောက်ထားသည်။

ထို့နောက် လုပ်ထုံးလုပ်နည်း စသည်များ စိစစ်ပြင်ဆင်ရေး အဖွဲ့ ဖွဲ့စည်းနိုင်ရေးကိစ္စကို အခမ်းအနားမှူး ဆရာတော်က လျှောက်ထားပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့၏ တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာ အပေါ် ဝေဖန်ဆွေးနွေးချက်များ နှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော် ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက ပြန်လည်ရှင်းလင်း လျှောက်ထား ၍ အတည်ပြုချက်ရယူပြီး ဒုတိယ နေ့ အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ကွယ်လွန်သူ ဗိုလ်ကြီးတင်ဋ္ဌေး(ငြိမ်း) အား ရည်စူး၍ ဇနီးဒေါ်တိုးတိုး၊ သား ဦးကျော်ဖုန်းဝင်း (အကောက် ခွန်မှူး)၊ ဦးမျိုးကျော်ကျော် (သသန) + ဒေါ်အိသူဇာကို (သသန)၊ မြေး-မယွန်းပန်းမြတ် ဟေသီ၊ မောင်ကျော်ဇင်ဟိန်း မိသားစုက ဆက်ကပ်လှူဒါန်းခဲ့ ကြသည်။

**သတင်းစဉ်**

## သနပ်ခါးလိမ်းခြယ်သုံးစွဲခဲ့မှုကို အပယ်ရတနာဘုရားနှင့် စူဠာမဏိစေတီတို့ရှိ နံရံဆေးပန်းချီများတွင် တွေ့ရှိ



ရန်ကုန် မတ် ၃

မြန်မာနိုင်ငံတွင် ရှေးခေတ် များစွာကတည်းက သနပ်ခါး လိမ်းခြယ်သုံးစွဲမှု တည်ရှိခဲ့ကြောင်း ကို ပုဂံရှေးဟောင်း ယဉ်ကျေးမှု ဒေသရှိ အပယ်ရတနာဘုရားနှင့် စူဠာမဏိ စေတီတို့ရှိ နံရံဆေးပန်းချီ များတွင် လေ့လာတွေ့ရှိနိုင်သည်။

**❂ ၁၉၉၁-၁၉၉၂ ခုနှစ်တွင် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်း ပြီး ပြုပြင်ထိန်းသိမ်းရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ စူဠာမဏိစေတီအတွင်းရှိ နံရံဆေးပန်းချီကားများအား သန့်စင် ချေးချွတ်ရာမှ သနပ်ခါးလိမ်းခြယ်နေသော ပုံများကိုတွေ့ရှိ မှတ်တမ်းပြုစုနိုင်ခဲ့ခြင်းဖြစ်**

ယင်းနံရံ ဆေးပန်းချီများသည် သမိုင်းအထောက် အထားများ အဖြစ် ခိုင်မာစွာ တည်ရှိပြသလျက် ရှိကြောင်း ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ပြုပြင်ထိန်းသိမ်းရေး ဌာနစုမှ သိရသည်။

"မြန်မာ့သနပ်ခါးကို ရှေးဘုရင် တွေ လက်ထက်ကတည်းက မြတ်မြတ်နိုးနိုး သုံးစွဲခဲ့တာကို ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဒေသက နံရံဆေးပန်းချီတွေမှာ တွေ့ရှိရ တယ်။ စူဠာမဏိစေတီမှာ သနပ်ခါး လိမ်းခြယ်နေတဲ့ပုံကို အသိများကြ ပေမယ့် အပယ်ရတနာဘုရားမှာ ရှိတာကိုတော့ သိသူနည်းပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုအတွက် တန်ဖိုးဖြတ်လို့မရတဲ့ သမိုင်းအမွေ အနှစ်ပုံတွေ ဖြစ်ပါတယ်"ဟု ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံ ဌာနခွဲ) ပြုပြင်ထိန်းသိမ်းရေးဌာနစု မှ လက်ထောက်ညွှန်ကြားရေးမှူး က ပြောကြားသည်။

ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ပုဂံဒေသရှိရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်း ပြုပြင် စောင့်ရှောက်လျက်ရှိပြီး အပယ်ရတနာဘုရားရှိ သနပ်ခါး လိမ်းခြယ်မှုပါဝင်သည့် နံရံ ဆေးပန်းချီများကို မှတ်တမ်းပြုစု ထားရှိပြီးဖြစ်သည်။

ထို့အတူ ၁၉၉၁ - ၁၉၉၂ ခုနှစ် တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းပြီး ပြုပြင်ထိန်းသိမ်းရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ စူဠာမဏိစေတီအတွင်းရှိ နံရံဆေး ပန်းချီကားများအား သန့်စင် ချေးချွတ်ရာမှ သနပ်ခါးလိမ်းခြယ်နေ သောပုံများကိုတွေ့ရှိမှတ်တမ်းပြုစု နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေအတွင်း ယခုအခါ ဘုရား၊ စေတီ၊ ပုထိုးပေါင်း ၃၈၂၂ ဆူနှင့် တန့်ကြည်တောင်ဧရိယာ၌ ဘုရား၊ စေတီ၊ ဂူ ၁၅ ဆူ စုစုပေါင်း ၃၈၃၇ ဆူ တည်ရှိကြောင်း ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ သိရသည်။

**သတင်း - သစ္စာ(MNA)**

**ဓာတ်ပုံ-ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၅၃ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၇၂၇ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်း ပေးအပ်ခဲ့ကာ ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၉၇၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

## ကျုံပျော်မြို့၌ မြန်မာ့သနပ်ခါးအကြောင်း သိကောင်းစရာ ဟောပြောပွဲပြုလုပ်

ကျုံပျော် မတ် ၃

ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်ကာ လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် "မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့" ပါဝင်နိုင်စေရေး ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်စေရန် အကြိုလှုပ်ရှားမှုအဖြစ် မြန်မာ့ သနပ်ခါးအကြောင်း သိကောင်းစရာ ဟောပြောပွဲကို ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်



အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေက မြန်မာ့သနပ်ခါးအကြောင်းသိကောင်းစရာကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုး၊ စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဒေါ်စန္ဒာအေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထူးရည်ရွှေတို့က မြန်မာ့သနပ်ခါး၏ အသုံးဝင်မှုနှင့် ဆေးဘက်ဝင်ပုံတို့ကိုလည်းကောင်း ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပေါင်မြို့နယ်ရှိ ကျောက်ရေတွင်း-တံခွန်တိုင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

ပေါင် မတ် ၃

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောက်ရေတွင်း-တံခွန်တိုင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်ရေတွင်း-တံခွန်တိုင်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ၂၀၂၄ ခုနှစ် ဇွန် ၂၄ ရက်တွင် Royal Tun Tun Company က တာဝန်ယူပြီး စတင်ဆောင်ရွက်ခဲ့ကာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ငွေကျပ် ၃၅၅ ဒသမ ၉၉၈ သန်း အကုန်ကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူ ရယူနိုင်သောနေရာတွင် ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း (Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(Grade-9) နှစ်ဆုံးစာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ရှမ်းပြည်နယ်ပညာရေးမှူး ဦးမြင့်လွင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလောမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ဟဲဟိုး)၊ တောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(တောင်လေးလုံး)၊ အခြေခံပညာအထက်တန်းကျောင်း(ရွှေညောင်)နှင့် အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(အေးသာယာ)၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(ထုံးဘို)၊ အမှတ်(၇) နှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade–5) နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း (Grade–9) နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသားကျောင်းသူများ မြန်မာဘာသာဖြေဆိုနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



ထိုသို့ကြည့်ရှုအားပေးစဉ် ဆရာ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန်မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးတက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်သုတေသနစင်တာ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ သုတေသနသုံးစက်ပစ္စည်းများကို အကျိုးရှိထိရောက်အောင် အသုံးချဆောင်ရွက်ရန်၊ သုတေသနကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ဒေသအကျိုးပြုသုတေသနလုပ်ငန်းများ အလေးထားဆောင်ရွက်ကြရန်တို့ကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ရှမ်းပြည်နယ်/ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများနှင့်တွေ့ဆုံ၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးစိုးကြည် UN Women ရုံး၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Christine Arab အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် UN Women ရုံး၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Christine Arab အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ပဋိပက္ခဖြစ်ပွားရာဒေသများနှင့် သဘာဝဘေးဖြစ်ပွားရာဒေသများရှိနေရပ်စွန့်ခွာသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းပေးခြင်း အစီအစဉ်များ ဆောင်ရွက်ပေးနေမှု၊ ကျား/မအခြေပြု အကြမ်းဖက်ခံရသူများအတွက် ဝန်ကြီးဌာနက ထောက်ပံ့ပေးနေမှုများ၊ "အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ" (One Stop Women Support Center– OSWSC) များဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနေမှုများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အကောင်အထည်ဖော်နေမှုများနှင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UN Women တို့အကြား လုပ်ငန်းအစီအစဉ် (Work Plan) လက်မှတ်ရေးထိုးနိုင်ရေးကိစ္စများကို နှစ်ဦးနှစ်ဖက် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် UN Women မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲ ကျင်းပ

**ပဲခူး မတ် ၃**

ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီအခြေခံ အားကစားသင်တန်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသည်။



**ပြောကြား**

ဦးစွာ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားသည်။

ထို့နောက် နွေရာသီအားကစားသင်တန်းသား သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က အားကစားနည်းအလိုက် အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဟော်ကီ၊ ဘောလုံး၊ အေရိုးဗစ် (Fitness Dance)၊ ကရာတေး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ မြန်မာ့သိုင်း၊ ဖူဆယ်၊ တင်းနစ်နှင့် ကြက်တောင်အားကစားနည်းများကို မတ် ၁ ရက်မှ ၃၁ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်သည်။ ယင်းသို့သင်ကြားရာတွင် တိုင်းဒေသကြီး အားကစားခန်းမ၌ အေရိုးဗစ် (Fitness Dance)၊ ကရာတေး၊ ဘတ်စကက်ဘော၊ ကြက်တောင် အားကစားနည်း၊ ခရိုင်အားကစားကွင်း၌ ဟော်ကီ၊ ပြေးခုန်ပစ် အားကစားနည်း၊ ဟံသာဝတီ ယူနိုက်တက်ဘောလုံးကွင်း၌ ဘောလုံးအားကစားနည်း၊ တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ခန်းမ၌ စားပွဲတင်တင်းနစ် အားကစားနည်း၊ အထက (စာလေးကွင်း)၌ မြန်မာ့သိုင်း အားကစားနည်း၊ ဖူဆယ်အားကစားကွင်း (ဟသ်ာကုန်း)၌ ဖူဆယ်အားကစားနည်း၊ ဟင်္သာတင်းနစ်ကွင်း၌ တင်းနစ်အားကစားနည်းတို့ကို သတ်မှတ်ထားသည့် သင်တန်းအချိန်အတိုင်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် သင်တန်းဖွင့်

**ရန်ကုန် မတ် ၃**

လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မြောက်ဒဂုံ)၌ ကျင်းပသည်။

သင်တန်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်မည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ သင်တန်းနည်းပြဆရာ နှစ်ဦးက ဆွေးနွေးပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ မတ် ၃ ရက်မှ ၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**



**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ

**လွန်းပိုးအိမ်**

**"ပေါက်လဲပွင့်တုံ၊**
**ဆူးပန်းငုံ၊**
**မီးပုံယာဂုပွဲ"**

**(ကင်းဝန်မင်းကြီး)**

ပေါက်ပန်း၊ လဲပန်း၊ ဆူးပန်းတို့ ဖူးပွင့်ခဲ့လေပြီ။ ပြာသိုမှာ ခွာညိုပန်းတို့ သင်းရနံ့လှိုင်ခဲ့ကြသလို တပို့တွဲလအခါသမယတွင်လည်း ပေါက်၊ လဲ၊ ဆူးတို့ မြူးကြွစွာ ဖူးပွင့်ခဲ့လေပြီ။

**မြန်မာ့အလှသဘာဝကို ဖော်ဆောင်**

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတွင် လတိုင်းလတိုင်းသည် အနက်အဓိပ္ပာယ်နှင့် မြန်မာ့အလှသဘာဝကို ဖော်ဆောင်ရင်း ဘာသာရေးကို အခြေခံသော ပွဲတော်များကို လအလိုက် ဆင်ယင်ကျင်းပခဲ့ကြသည်။ တပို့တွဲလသည် ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်သည့်အတွက် အလွန်အေးချမ်းလှသည့် ထိုရာသီတွင် အအေးလွန်ကဲ၍ နှာရည်များပင်ကျသည့်အတွက် ရေးစာဆိုတော်ကြီးများက "နှာရည်ယိုရွှဲ တပို့တွဲ"၊ "တပို့တွဲ ကျွဲချိုဖျား ဆတ်ဆတ်ခါ"ဟု တင်စားရေးသားခဲ့ကြသည်။

တပို့တွဲလသည် နှင်းမှုန်၊ နှင်းစက်၊ နှင်းငွေ့များဖြင့် ရီဝေမှုန်ဝါးကာ အေးချမ်းသာယာပြီး လူတို့၏ နှလုံးဘဝင်ကို စိတ်ပျော်ရွှင်စေသော လလည်းဖြစ်ပါသည်။ တပို့တွဲလကို ပုဂံခေတ် ကျောက်စာများတွင် တပိုဒ်တွယ်၊ တပိုတွဲ၊ တပိုင်တွဲဟူ၍ အမျိုးမျိုးရေးသားခဲ့ကြပြီး မျက်မှောက်ခေတ်တွင် တပို့တွဲဟူ၍သာ ခေါ်ဝေါ်ခဲ့ကြသည်။

တပို့တွဲလ၏အမည်သည် ထိုရာသီတွင် ဖူးကြသီးကြသော ထန်းပင်ကို အကြောင်းပြု၍ ခေါ်ဝေါ်ခဲ့ကြောင်း စာပေများတွင် တွေ့ရပေသည်။ တပို့တွဲလတွင် ထန်းဖူးထန်းခိုင်တို့ကို အောက်သို့ တွဲလောင်းကျအောင် ပြုလုပ်၍ ထန်းရည်နင်းသည်ကို အစွဲပြုကာ တပို့တွဲလဟု တွင်လာကြကြောင်း စာဆိုများက ရေးသားခဲ့ကြသည်။ တပို့တွဲလနှင့် ပတ်သက်၍ စာဆိုဦးယာက "ပေါက်လဲငုံကင်း၊ ထန်းယဉ်နင်းသည်၊ နှင်းစီစီငယ်နှင့်လေး" ဟူ၍ ရာသီပန်းနှင့် အေးချမ်းသောအချိန်အခါ၊ ထန်းများဖူးသောလကို စာဆိုရှင်က မြင်သာအောင် ရေးပြခဲ့သည်။ ထို့အတူ ကျော်အောင်စံထားဆရာတော်ကြီးကလည်း ဝေါဟာရတ္ထပကာသနီကျမ်းတွင် လယ်သမားများသည် လယ်ယာကိစ္စအချို့ပြီး၍ လယ်ယာလုပ် ကိရိယာများဖြစ်သော ထမ်းပိုးများကို ဆွဲထားလေ့ရှိသောကြောင့် ထမ်းပိုးဆွဲမှ တပို့တွဲလဟူသော စကား ဖြစ်ပေါ်လာသည်ဟု မြန်မာဆန်ဆန် ကြံစည်ယူဆခဲ့ကြသည်ဟု ဆိုထားပြန်သည်။



မိုးနဲမြို့၌ တပို့တွဲလပြည့်နေ့တွင် ရှားမီးပူဇော်ပွဲ (မီးဖုန်းပွဲ) ကျင်းပစဉ်။

**မီးဖုန်းပွဲနှင့် ထမနဲပွဲများ**

မြန်မာတို့၏ ၁၂ လရာသီတွင် ဘာသာရေးကို အခြေခံသော ကောင်းမှုပွဲတော်များကို ဆင်ယင်ကျင်းပခဲ့ကြရာ၌ တပို့တွဲလတွင်လည်း ရှေးမြန်မာမင်းများလက်ထက်ကပင် အဓိပ္ပာယ်အနှစ်သာရပြည့်ဝစွာ ဆင်ယင်ကျင်းပခဲ့ကြရာ တပို့တွဲလတွင် ဘာသာရေးကို အခြေခံသော မီးအလှူပွဲ(ခေါ်) မီးဖုန်းပွဲနှင့် ထမနဲ (ထမင်းနဲ)ပွဲများမှာ မြန်မာ့ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထင်ရှားပါသည်။

တပို့တွဲလ၏ အချမ်းအအေးဒဏ်ကြောင့် သုံးလောကထွတ်ထား မြတ်စွာဘုရားကိုယ်တော်တိုင်ပင် တပို့တွဲလညများ၌ ဆီးနှင်းများ ပြင်းထန်စွာကျ၍ ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသောကြောင့် ခတ်ကြီးလေးပါးမျှတစေရန် မီးအိုးကင်းတွင် ရွှေလက်တော်တင်ကာ မီးလှုံတော်မူခဲ့ကြောင်း မှတ်သားရသည်။ ဤသည်ကို အစွဲပြု၍ ရှေးမြန်မာတို့သည် တပို့တွဲလတွင် မီးကုသိုလ်ပြုပွဲ(မီးဖုန်းပွဲ) ကို ဆင်နွှဲခဲ့ကြသည်။

မီးကုသိုလ်ပြုပွဲ(မီးဖုန်းပွဲ)တွင် နံ့သာထင်းများဖြင့် မြတ်စွာဘုရားအား ပူဇော်ခဲ့ကြသည်။ မြန်မာနိုင်ငံ မန္တလေး၊ ရွှေဘိုစသည့် အထက်အညာဒေသရှိ အချို့အရပ်များတွင် တပို့တွဲလဆန်းရောက်ပါက တောထဲသို့သွား၍ သနပ်ခါးထင်းများခုတ်ကာ နေပူလှန်းထားကြသည်။ တပို့တွဲလပြည့်နေ့ ရောက်သောအခါတွင် ခြောက်နေပြီဖြစ်သော နံ့သာထင်းများကို စေတီပုထိုး ရုပ်ပွားတော်များရှေ့တွင် စေတီသဏ္ဌာန်၊ ပြာသာဒ်သဏ္ဌာန် ပြုလုပ်၍ မီးပူဇော်ကာ မီးကုသိုလ်အလှူကို ပြုကြသည်။ တချို့အရပ်ဒေသတွင် ဘုရားပုထိုးစေတီသာမက သံဃာများကိုလည်းကောင်း၊ သက်ကြီးရွယ်အိုများကိုလည်းကောင်း နံ့သာထင်းများဖြင့် မီးအိုးကင်း လှူတတ်ကြသည်။

မီးကုသိုလ်ပြုပွဲနှင့် ပတ်သက်၍ မြင်းခွာရွာစား၏ ရတုတွင် **"ပေါက်လဲပွင့်လှိုင်၊ လနှင့်ပြိုင်က၊ ဘုန်းခိုင်မြတ်ဖျား၊ ကိုယ်တော်စားဟု၊ သုံးပါးရတနာ၊ ဖြတ်ရာရာဝယ်၊ သဒ္ဓါကြည်လင်၊ ပျော်မြူးရွှင်လျက်၊ သဘင်မီးပုံး၊ တပြုံးပြုံးသည်"** ဟု ဖွဲ့ဆိုထားသည်။

ထို့အတူ စာဆို ဦးယာကလည်း **"သုံးလူ့ချာကို၊ ရှိန်ဝါရောင်ညီး၊ မီးပုံးပူဇော်၊ လှူတော်လှူမြဲ၊ ရာသီပွဲ"** ဟုလည်းကောင်း၊ ဆီသည်ရွာစား ဦးအောင်ကြီးက **"ယာဂုအဖျော်၊ ပူဇော်ရွှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးပုံးသဘင်၊ လှူကြီးရင်သည်၊ ချောင်ရင်နိဗ္ဗာန်ကျွန်းတည့်လေ"**ဟူ၍လည်းကောင်း ဖွဲ့ဆိုခဲ့ကြသည်။ ယခုအခါ နံ့သာထင်းများ ရှားပါးလာသည့်အတွက် မီးကုသိုလ်ပွဲ(မီးဖုန်းပွဲ) ပြုလုပ်သည့် အလေ့အထမှာ တစ်စတစ်စ ပျောက်ကွယ်လုနီးပါးဖြစ်လာပြီး မီးဖုန်းပွဲအစား ထမနဲပွဲကိုသာ ကျင်းပခဲ့ကြပေသည်။

**ယာဂုထမနဲထိုးပွဲများကို ပျော်ရွှင်စွာကျင်းပ**

မြန်မာတို့သည် တပို့တွဲလရောက်တိုင်း နိုင်ငံတစ်ဝန်း မြို့ရွာကျေးလက်အနှံ့ အလှူရှင် တစ်ဦးချင်းမှသည် အများစုပေါင်း၍ ယာဂုထမနဲထိုးပွဲများကို ပျော်ရွှင်စွာ ကျင်းပခဲ့ကြသည်။ အလှူရှင်များက ထမနဲများကို ရဟန်းသံဃာ၊ လူပရိသတ်အပေါင်းကို လှူဒါန်းကျွေးမွေး ကုသိုလ်ပြုသည့်ဓလေ့သည် မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသည့် ယဉ်ကျေးမှုဓလေ့တစ်ရပ်ကို ဖော်ပြလျက်ရှိသည်။

တပို့တွဲလ အခါသမယသည် အလွန်အေး၍ အဆီခြောက်ခန်းချိန်ဖြစ်သည့်အတွက် ထိုလတွင် ဆီနိုင်သော အပူစာ ထမနဲကို သုံးဆောင်လျှင် အသားအရေစိုပြည်၍ အပူဓာတ်ရလာနိုင်သည့် ရာသီကိုက်ဓာတ်စာဖြစ်ကြောင်း ဆေးကျမ်းများတွင် ရေးသားထားပါသည်။ ယနေ့ခေတ်တွင် ထမနဲဟုခေါ်ကြသော်လည်း ထမင်းနဲ့ဟူ၍ ရေးထုံးရှိသည်။ ကောက်ညှင်းကို နှမ်း၊ နှမ်းဆီ၊ အုန်းသီး၊ မြေပဲ၊ ချင်း စသည်တို့ဖြင့် စီမံပြုလုပ်ထားသော ချိုဆိမ့်မွှေးအရသာရှိသည့် မြန်မာ့အစားအစာ ဖြစ်သည်။ ကောက်ညှင်းထမင်းကို ထပ်ပြန်တလဲလဲ ကော်များ၊ ပတ်စာများ နှံ့ဘိအလား နဲ့ရသောကြောင့် ထမင်းနဲ့ဟု ခေါ်ဆိုကြောင်း သိရသည်။ အလားတူ နှမ်းဆီနှင့် နှမ်းနိုင်နိုင်ထည့်ရသဖြင့် နှမ်းမနဲဟုလည်း ခေါ်ဆိုကြပြန်သည်။

တပို့တွဲလတွင် ရှေးမြန်မာမင်းများ လက်ထက်ကပင် မီးဖုန်းပွဲနှင့်အတူ ထမနဲပွဲကို ကျင်းပခဲ့ကြသည်။ အစောဆုံးတွေ့ရသော ထမနဲပွဲမှာ ညောင်းရမ်းခေတ်နောက်ပိုင်း (ဒုတိယအင်းဝခေတ်)တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း စာပေကျမ်းဂန်များတွင် တွေ့ရှိရသည်။ ထမနဲထိုးရာတွင် ယောကျ်ားကြီးများ အားကောင်းမောင်းသန် ချွေးပြိုက်ပြိုက်ကျအောင် စည်းလုံးညီညွတ်စွာထိုးကြရသဖြင့် စည်းလုံးချစ်ခင်မှုနှင့်အတူ အေးမြသောရာသီကို အန်တုယှဉ်ပြိုင်ကာ ထိုးကြရသဖြင့် ကျန်းမာရေးအတွက်လည်း ကောင်းမြတ်လှပေသည်။

တပို့တွဲလ၏ ထူးမြတ်ချက်မှာ မီးဖုန်းပွဲနှင့် ထမနဲပွဲတော် ကျင်းပခြင်းပင်ဖြစ်သည်။ ထိုပွဲတော်နှစ်ရပ်လုံးသည် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်စူးရည်မှန်းကာ ပူဇော်သော အလှူပွဲများဖြစ်ရာ တပို့တွဲလအခါသမယသည် မြန်မာလူမျိုးတို့၏ ရိုးရာပွဲတော်များနှင့်အတူ ပျော်ရွှင်ကြည်နူးစရာ လတစ်လ ဖြစ်ပါတော့သည်။ ။

**"မီးကုသိုလ်ပြုပွဲ(မီးဖုန်းပွဲ)တွင် နံ့သာထင်းများဖြင့် မြတ်စွာဘုရားအား ပူဇော်ခဲ့ကြသည်။ မြန်မာနိုင်ငံ မန္တလေး၊ ရွှေဘို စသည့် အထက်အညာဒေသရှိ အချို့အရပ်များတွင် တပို့တွဲလဆန်းရောက်ပါက တောထဲသို့သွား၍ သနပ်ခါးထင်းများ ခုတ်ကာ နေပူလှန်းထားကြသည်။ တပို့တွဲလပြည့်နေ့ရောက်သောအခါတွင် ခြောက်နေပြီဖြစ်သော နံ့သာထင်းများကို စေတီပုထိုးရုပ်ပွားတော်များရှေ့တွင် စေတီသဏ္ဌာန်၊ ပြာသာဒ်သဏ္ဌာန်ပြုလုပ်၍ မီးပူဇော်ကာ မီးကုသိုလ်အလှူကို ပြုကြသည်။ တချို့အရပ်ဒေသတွင် ဘုရားပုထိုးစေတီသာမက သံဃာများကိုလည်းကောင်း၊ သက်ကြီးရွယ်အိုများကိုလည်းကောင်း နံ့သာထင်းများဖြင့် မီးအိုးကင်းလှူကြ"**



# နေပြည်တော်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါး ၃၀၃ ဧကအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ သွင်းအားစုဖိုးငွေများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါး ၃၀၃ ဧကအတွက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ သွင်းအားစုဖိုး လိုအပ်ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ကောင်စီရုံး ဓမ္မသီရိ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပန်းတိုင်အထွက်နှုန်းများ တိုးတက်ရရှိရေး၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲရေး၊ သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲရေးတို့ကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ ဆက်လက်၍ နွေစပါးနှင့် နွေသီးနှံများကို လျာထားစိုက်ဧကများထက် ပိုမိုစိုက်ပျိုးနိုင်ရေးကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ စားသုံးကုန်ပစ္စည်းများကို ဒေသတွင်း လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီအတွင်းရေးမှူးနှင့် ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။




ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါး ၃၀၃ ဧကအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ပေးအပ်သည့်သွင်းအားစုဖိုးငွေများကိုပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရိုးမရိပ်သာအိမ်ရာ ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် သုခဒဂုံပြည်သူ့အငှားအိမ်ရာ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရိုးမရိပ်သာအိမ်ရာ အဆောက်အအုံ ၃၅ လုံး ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အိမ်ရာဝင်းလုံခြုံရေး ဆောင်ရွက်ထားရန်၊ သတ်မှတ်ရက်အမီပြီးစီးစေရေး၊ နေထိုင်သူ ပြည်သူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးရန်နှင့် Cover Market အချိန်မီဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်သွားရန် လိုကြောင်းမှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သုခဒဂုံ ပြည်သူ့အငှား အိမ်ရာစီမံကိန်း လုပ်ငန်းခွင်အတွင်းရှိ အိမ်ရာစီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်း တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက အဆောက်အအုံအား အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကိုသာ အသုံးပြုရန်နှင့် လက်ရာလက်သား ကောင်းမွန်စွာ ဆောင်ရွက်ရန် လိုကြောင်း၊ ဘဏ္ဍာရေးနှစ် ကုန်ဆုံးကာနီးပြီဖြစ်၍ အိမ်ရာစီမံကိန်းလုပ်ငန်းများ အချိန်မီ ပြီးစီးစေရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာမှူးကြီးက အိမ်ရာစီမံကိန်းလုပ်ငန်းပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများ၊ မြေညီထပ်တွင် အခန်းဖွဲ့ကာရံခြင်းလုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အိမ်ခန်းနေရာချထားမှုများ၊ အိမ်ရာအတွင်း နေ့ကလေးထိန်းကျောင်းနှင့်ဆေးခန်းတည်ဆောက်မည့်အစီအမံများကိုလည်းကောင်း၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်မှ တာဝန်ရှိသူများက အိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက အိမ်ရာစီမံကိန်းဆိုင်ရာ အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သုခဒဂုံပြည်သူ့အငှားအိမ်ရာ စီမံကိန်းလုပ်ငန်းခွင်အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ညောင်ဦးမြို့၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ကွင်းဆင်းစစ်ဆေး

ညောင်ဦး မတ် ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး ယမန်နေ့ မွန်းလွဲပိုင်းက ညောင်ဦးမြို့ရှိ ဟိုတယ်များသို့ ကွင်းဆင်းစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ တရားမဝင် ဓာတ်အားသုံးစွဲမှု ရှိ/မရှိ အခြေအနေများနှင့် ဟိုတယ်များရှိ လုပ်ငန်းသုံးထရန်စဖော်မာများ ဝန်အားလျှော့ချိန်အတွင်း အသုံးပြုရန်ထားရှိသော Solar Generator များ စစ်ဆေးခြင်းကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ညောင်ဦးခရိုင် လျှပ်စစ်မန်နေဂျာရုံးမှ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးကျော်မျိုးအောင်နှင့်အဖွဲ့များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုဇော်(ဓာတု)




## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၅၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၃-၃-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီမှ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၃-၂-၂၀၂၅ ရက်နေ့ ည ၈:၀၀ နာရီမှ ၂-၃-၂၀၂၄ ရက်နေ့ ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၅၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန
(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# ဒိုက်ဦးမြို့နယ်၌ ဆောင်းဆီထွက်သီးနှံမြေပဲ(ဗီယက်နမ်မျိုး) ဧက ၅၀၀ စံပြစိုက်ခင်းစံကွက်ရိတ်သိမ်း

ဒိုက်ဦး မတ် ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၏ ကြီးကြပ်မှုဖြင့် ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးသည်အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၈ နာရီက သုံးခွကျေးရွာရှိ တစ်ဆက်တစ်စပ်တည်း ဆောင်းဆီထွက်သီးနှံမြေပဲ(ဗီယက်နမ်မျိုး) ဧက ၅၀၀ စံပြစိုက်ခင်းအတွင်းရှိတောင်သူဦးတင်ဦး၏၁၉ ဧကမြို့နယ်ကိုယ်စားပြုစံကွက် ရိတ်သိမ်းခြင်းကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၅၆ ဒသမ ၃၈ တင်း ထွက်ရှိကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ကမ္ဘောဒီးယား-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးနှစ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ပြောကြား



ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်

ဖနောင်ပင် မတ် ၃

၂၀၂၄ ခုနှစ်တွင် ကျရောက်ခဲ့သည့် ကမ္ဘောဒီးယား-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးနှစ်အတွင်း နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားသည်။

ကမ္ဘောဒီးယား-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးနှစ် ကျင်းပပြီးစီးခဲ့သော်လည်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများ တိုးမြှင့်ရေး ထပ်မံဆောင်ရွက်မည်ဟု ၎င်းက လူမှုမီဒီယာတွင် ယမန်နေ့က ပြောကြားသည်။

ကမ္ဘောဒီးယား-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများကြောင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် မိတ်ဆွေဖြစ်မှုခိုင်မြဲလာပြီး ပူးပေါင်းဆောင်ရွက်မှု ရလဒ်ကောင်းများ ရရှိခဲ့သည်ဟု ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံမှ ခရီးသွားများ ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်ရေး ဆွဲဆောင်နေပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် တရုတ်နိုင်ငံမှ ခရီးသွားများကို အားထားနေရကြောင်း သိရသည်။ ယမန်နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ တရုတ်ခရီးသွား ၈၄၈၉၅၂ ဦး လာရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၅၅ ရာခိုင်နှုန်းတိုးတက်လာသည်ဟု ခရီးသွားလုပ်ငန်းဝန်ကြီးဌာနကပြောကြားသည်။ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံပြီးလျှင် တရုတ်ခရီးသွားများသည် ကမ္ဘောဒီးယားနိုင်ငံသို့ တတိယဝင်ရောက်မှု အများဆုံးဖြစ်သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# ဖိလစ်ပိုင်နိုင်ငံ၌ လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲရေး ဆောင်ရွက်မည်

မနီလာ မတ် ၃

ဖိလစ်ပိုင်နိုင်ငံ၌ အပူချိန်မြင့်မားသည့် နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် နိုင်ငံသားများအား လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲရေးအတွက် စွမ်းအင်ဝန်ကြီးဌာနက ညွှန်ကြားခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

**ပန်ကြားခဲ့**

အပူချိန်မြင့်မားသည့် နွေရာသီကာလများအတွင်း လေအေးပေးစက်၊ ပန်ကာနှင့် ရေခဲသေတ္တာသုံးစွဲမှုများ များပြားလာသဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပိုမိုများပြားလာသည်။ ထို့ကြောင့် အိမ်သုံးနှင့် လုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွင် ချင့်ချိန်ပြီး ဓာတ်အားအများအပြား သုံးစွဲရသည့် လုပ်ငန်းများ ဆောင်ရွက်မှုမရှိကြရေးအတွက် တာဝန်ရှိသူများက ပန်ကြားခဲ့သည်။



နေအိမ်များတွင် လေအေးပေးစက်များကို အနည်းငယ်သာ အသုံးပြုရန်နှင့် လေဝင်လေထွက်ကောင်းစေရေး ဆောင်ရွက်ရန်လိုအပ်ပြီး လုပ်ငန်းသုံးတွင် စွမ်းအင်ချွေတာရေး နည်းလမ်းများဖြင့် သုံးစွဲကြရေးအတွက် တာဝန်ရှိသူများက ပန်ကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ



အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗာအဗ္ဗဒဲလက်တီ

# ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

ဂျေရုဆလင် မတ် ၃

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့အကြား ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးကြောင်းနှင့် ဒုတိယအဆင့် အပစ်အခတ်ရပ်စဲရေးမှ ထာဝရအပစ်အခတ်ရပ်စဲရေးကို ကူးပြောင်းဆောင်ရွက်ရန်လိုအပ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗာအဗ္ဗဒဲလက်တီက ယမန်နေ့တွင် ပြောကြားသည်။

ပထမအဆင့် အပစ်အခတ်ရပ်စဲရေးကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးနောက် ဒုတိယအဆင့်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကာ မိမိတို့၏ ရည်မှန်းချက်မှာ ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရန်ဖြစ်ကြောင်း ဥရောပသမဂ္ဂ မြေထဲပင်လယ်ဒေသဆိုင်ရာတာဝန်ရှိသူ ဒူဗယာကာဆူကာက ပြောကြားသည်။ ဂါဇာဒေသသို့ အကူအညီပေးရေးပစ္စည်းများ ဝင်ရောက်မှုကိုတားဆီးမည့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ ဆောင်ရွက်ချက်ကို ရှုတ်ချကြောင်းနှင့် အကူအညီပေးရေးပစ္စည်းများကို အသုံးပြု၍ ဒဏ်ခတ်ခြင်းသည် လက်မခံနိုင်စရာဖြစ်ပြီး နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့သည် ဂါဇာကမ်းမြောင်ဒေသတွင် ၁၅ လကျော်ကြာ ပဋိပက္ခဖြစ်ပွားပြီးနောက် ဇန်နဝါရီ ၁၉ ရက်ကတည်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပထမအဆင့်ကို အကောင်အထည်ဖော်ခဲ့သည်။

ဟားမတ်စ်အဖွဲ့က အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အသင့်ပြင်ထားသည်ဟု ပြောကြားခဲ့သော်လည်း အစ္စရေးက အပစ်အခတ်ရပ်စဲရေး ပထမအဆင့်ကို မွတ်ဆလင်ဥပုသ်လနှင့် ဂျူးဘာသာရေးပွဲတော်အပြီး ကာလဖြစ်သည့် ဧပြီ ၂၀ ရက်အထိ တိုးမြှင့်ရန် အဆိုပြုခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဟားမတ်စ်အဖွဲ့က အစ္စရေးနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးနှင့် ဟားမတ်စ်အကြား အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# သီရိလင်္ကာနိုင်ငံ၌ တောဆင်ရိုင်းကာကွယ်ရေးအတွက် ရထားအရှိန်လျှော့မောင်းနှင်မည်

ကိုလံဘို မတ် ၃

သီရိလင်္ကာနိုင်ငံ၌ ရထားလမ်းကူးနေရာများတွင် ဆင်များဖြတ်သန်းသွားလာမှုများပြားကာ ထိခိုက်သေဆုံးမှု မြင့်တက်နေသဖြင့် ရထားမောင်းနှင်သည့်အချိန် လျှော့ချခြင်းနှင့် ညရထားပြေးဆွဲမှု အစီအစဉ်များကို ပြောင်းလဲသတ်မှတ်ရန် ဆောင်ရွက်မည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယခုအစီအစဉ်အရ မတ် ၇ ရက်မှစ၍ ရထားခရီးစဉ်များကို ဆင်များ ရထားလမ်းကူးအတွင်း ဖြတ်သန်းသွားလာချိန်မဟုတ်သည့် အချိန်များတွင် ပြောင်းလဲပြေးဆွဲမည်ဖြစ်ကာ မတော်တဆမှုများဖြစ်ပွားတတ်သည့် ရထားလမ်းကူးနေရာများတွင် အရှိန်လျှော့ပြေးဆွဲမည်ဟု သိရသည်။

**သေဆုံး**

ယခုအစီအစဉ်အရ ရထားအချိန်နောက်ကျခြင်းဖြစ်နိုင်သော်လည်း တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ရာရောက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖြစ်ပွားခဲ့သည့် မတော်တဆမှုတွင် ဆင်ခုနစ်ကောင်သေဆုံးခဲ့သည်။

ကိုးကား -ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# ဗီယက်နမ်နိုင်ငံ၌ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးစက်ရုံ ဖွင့်လှစ်ရန် ကန်ဒေါ်လာ ၅၀၁ သန်းကျော် ရင်းနှီးမြှုပ်နှံမည်

ဟနွိုင်း မတ် ၃

ဗီယက်နမ်နိုင်ငံသည် တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်ရေးစက်ရုံ ဖွင့်လှစ်ရန်အတွက် ဒေါင် ၁၂ ဒသမ ၈ ထရီလီယံ (ကန်ဒေါ်လာ ၅၀၁ ဒသမ ၂ သန်းကျော်) ရင်းနှီးမြှုပ်နှံမည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

တစ်ပိုင်း လျှပ်ကူးပစ္စည်းထုတ်လုပ်ရာတွင် သုတေသန၊ ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် စမ်းသပ်ခြင်းလုပ်ငန်းများကို ယင်းစက်ရုံတွင် ဆောင်ရွက်မည်ဖြစ်သည်။

စက်ရုံ တည်ဆောက်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများအား ပံ့ပိုးမှုများပေးအပ်မည်ဖြစ်သည်။ အဆိုပါစက်ရုံ တည်ဆောက်ရေးအတွက် ဗဟိုရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံမှု ၃၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးမည်ဖြစ်ကာ ယင်းစက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုကို ၂၀၃၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ ဆောင်ရွက်မည်ဖြစ်သည်။



ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အထိ မျှော်မှန်းထားသည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ တစ်စိတ်တစ်ပိုင်းကို ယမန်နှစ်က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၃

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yangon Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့နယ် အုန်းတပင်ကျေးရွာ မိဘဂုဏ်သူဌေးသမီးကုန်စုံဆိုင်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၄၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၅၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၆၅၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ဖျာပုံမြို့နယ်၊ မြောင်းမြမြို့နယ်နှင့် မအူပင်မြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ပုသိမ်ခရိုင်နှင့် မြန်အောင်ခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၉၃၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၀၂၃၂၅၉ ကျပ်) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၉၀၂၃၂၅၉ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သဃ်န်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက်၌ လိုင်စင်မဲ့ Honda CRV ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ လှည်းကူးမြို့နယ် ဟိုင်းကူးကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၈၆၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၅၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၂၅၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၀၆၂၅၈၂၄ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လေယာဉ်ခရီးစဉ် အမှတ် (UB-004/ SF-2027)ဖြင့် လိုက်ပါလာသော မြန်မာနိုင်ငံသားခရီးသည် တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၇၆၇၃၅၈၂၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ (ခန့်မှန်းတန်ဖိုးငွေ ၆၅၈၄၄၆၅၈၃ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**




ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

# မြောင်မြို့နယ်နှင့် ရေလယ်ကျွန်းဒေသအတွင်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်းများ လုပ်ဆောင်နေကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၃

စစ်ကိုင်း တိုင်းဒေသကြီး မြောင်မြို့နယ် အနောက်ခြမ်းနှင့် မကွေးတိုင်းဒေသကြီး ရေလယ်ကျွန်းဒေသအတွင်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် စစ်ရေးပစ်မှတ် မဟုတ်သည့် ပြည်သူများနေထိုင်ရာ ကျေးရွာများအား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်/ကျေးရွာများအား ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အခြေအမြစ်မရှိသည့် ဓာတ်ပုံများကိုအသုံးပြု၍ သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၃-၂၀၂၅ အင်္ဂါနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၁၅ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
၀၉:၄၀ Sports Diary
၁၀:၃၅ မြန်မာ့ပုလဲရတနာတို့၏ မွေးရပ်မြေ ပုလဲကျွန်းဆီ
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'သူတောင်းပြည့်ကြွယ်တာရာစတာလာ' (အပိုင်း-၅၉)
၁၃:၃၀ MRTV National News
၁၄:၄၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
၁၅:၀၀ Weekly MNL Review
၁၅:၂၅ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ သိကောင်းစရာများ (**သမိုင်းဘာသာရပ်**)
၁၆:၄၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၇:၁၀ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး
၁၇:၂၅ စာပတ်သူတို့အတွက် စာကြည့်တိုက်များရဲ့ အခန်းကဏ္ဍ
၁၈:၃၅ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုတေး
၁၈:၄၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**လေနှင့်ရာသီ**' (အပိုင်း-၁၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုတေး
၂၁:၁၀ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အလင်းဝင်းသူများ**' (အပိုင်း-၂၂)
၂၂:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

07:02 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn
07:09 Thatbyinnyu Temple
07:23 Handmade Artisan Ye`Linn Oo
07:38 Interesting Features of Rakhine
08:26 Topics Potpourri; SeekingAnswer To Deep Scientific Riddle
08:32 The Great Po Sein
09:01 Centenary of Yangon University (Dr. Khin Maung Nyunt)
09:01 Commercial Farming to GDP Growth, Lady's Fingers Grower
09:53 Mingala Prayer (Version-1)

### Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၅ တိုင်းရင်းသားသီချင်း၊ အက(ကရင်)
၀၆:၅၀ မြန်မာသံစဉ်တေးများ
၀၇:၂၀ မြန်မာဇာတ်လမ်းတွဲ '**လျှို့ဝှက်အချစ်ရဲ့ကတစားကွက်**' (အပိုင်း-၁၀)
၀၇:၅၀ စတီရီယိုတေးများ
၀၈:၁၅ K POP Music Gallery (အပိုင်း-၆)
၀၈:၃၀ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ '**ငေါ်နဲ့ငေါ်**'
၀၉:၁၅ နိုင်ငံခြားသံစဉ်တေးများ
၀၉:၂၀ ကာတွန်းအစီအစဉ် '**ဖြူဝင်းစိတ်လှ**' (အပိုင်း-၁၄)
၀၉:၅၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) '**ပုဂံမှာသာတဲ့လ**'

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
မိသားစုအခေါ်အဝေါ်များ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်သည့် တရုတ်စံကားပွင့်လေးများ

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာ တောင်တန်းဒေသ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၆)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်ရိုးရာဘဲသားဆန်ပြုတ်

**ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
ချင်းဘာသာစကား ပြောကြရအောင်(အပိုင်း-၁)

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
သူတို့ရဲ့ဒုတိယရင်ခွင်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
နိုင်ငံ့စီးပွားအကျိုးပြု မွန်ပြည်နယ်ဆားထုတ်လုပ်မှု

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်ဘာသာစကား ပြောကြရအောင်(အပိုင်း-၄)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ငှက်ပျောဖူးဟင်းထုပ် ပြုလုပ်နည်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
သစ်ကြားသီးနှင့် ကျန်းမာရေး

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၈:၄၅ နိုင်ငံတကာစီးပွားရေးသတင်း
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**ထိုင်းနိုင်ငံ**'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ပကောင်းသိုးဝါး**'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**ဗီယက်နမ်နိုင်ငံ**'
၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း '**ဂျပန်နိုင်ငံ**'
၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၆၄)

### MRTV FARMERS' HD CHANNEL

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ တောင်သူအများပြုံးရွှင်ဖို့ ချည်မျှင်ရှည်ဝါစိုက်ကြပါစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Planet.Earth.II.6of6.Cities
၁၉:၄၀ The Planet
၂၀:၀၀ ကိုးရောင်ခြယ်အနမ်း(ဇာတ်လမ်း)
၂၂:၀၀ Satyaprem.Ki.Katha (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD CHANNEL

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ ဘောလုံးကစားနည်း အခြေခံနည်းစနစ်များ (အလယ်တန်း)
၁၇:၀၀ အားကစားသတင်း
၂၂:၀၀ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ (Yangon United FC Vs SSPE FC) (Replay)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပန်းတောင်းမြို့နယ် ဘူးဘက်ကျေးရွာစစ်ဆေးရေးဂိတ်၌ ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ပန်းတောင်းမြို့နယ် ဘူးဘက်ကျေးရွာစစ်ဆေးရေးဂိတ်၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံခြောက်ဦး၏ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မတ် ၃

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာတားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေခြင်းကြောင့် မူးယစ်ဂိုဏ်းများအနေဖြင့် မူးယစ်ဆေးဝါးများသယ်ဆောင်ရာတွင် ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်းများကိုအသုံးပြု၍ နည်းလမ်းမျိုးစုံဖြင့် သို့ဝှက်သယ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပန်းတောင်းမြို့နယ် ဘူးဘက်ကျေးရွာစစ်ဆေးရေးဂိတ်၌ ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ သန်းအောင်ဆွေ၊ ကျော်ဝင်းထွန်း၊ ကျော်ဆန်းမင်းတို့နှင့်အတူ ယာဉ်အမှတ် BGO–11/2R–2073 SOJEN အဖြူရောင်ယာဉ်ပေါ်မှ စက္ကူပုံးခြောက်ပုံးအတွင်း သို့ဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၂ သိန်း၊ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံခန့်ကို လည်းကောင်း၊ ကျော်ဇင်လတ်၊ ခင်မောင်မြင့်ရွှေ၊ ကြည်ကြည်ခိုင်တို့နှင့်အတူ ယာဉ်အမှတ် YGN–41/HH–2534 Probox အဖြူရောင်ယာဉ်ကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ပြည်မြို့ရှိ ကုန်းမြင့်သာတည်းခိုခန်း၌ ကျော်ဝင်းနှင့် သောင်းထွန်းတို့အား ယာဉ်အမှတ် BGO–11/2P–6694 Daihatsu Hijet အစိမ်းရောင်ယာဉ်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကျော်ဝင်း၏ ထွက်ဆိုချက်အရ ကျော်လင်း(ဖမ်းဆီးရန်ကျန်)နှင့် စိုင်းကျော်လှ(ဖမ်းဆီးရန်ကျန်)တို့မှ ရန်ကုန်မြို့သို့ ပို့ဆောင်ပေးသော မူးယစ်ဆေးဝါးများအား ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပေးရန် ငွေကျပ်သိန်း ၈၅၀ ဖြင့် ညှိနှိုင်းသဖြင့် သဘောတူခဲ့ကြောင်း၊ ထို့နောက် ရန်ကုန်မြို့သို့ရောက်ရှိလာသော မူးယစ်ဆေးဝါးများအား မအီမြို့နယ် တလိုင်းတောင်ကျေးရွာသို့ ဆက်လက်ပို့ဆောင်ရန် ခင်မောင်မြင့်ရွှေအား ငွေကျပ်သိန်း ၃၅၀ ဖြင့် ညှိနှိုင်းခဲ့ရာ သဘောတူခဲ့ကြောင်း သိရှိရသည်။ ဖမ်းဆီးရမိတရားခံ ခင်မောင်မြင့်ရွှေ၏ ထွက်ဆိုချက်အရ ကျော်ဝင်း၏ စေခိုင်းချက်ဖြင့် မူးယစ်ဆေးဝါးများ ပို့ဆောင်ရာတွင် ဇနီးဖြစ်သူ ကြည်ကြည်ခိုင်နှင့်အတူ စီးနင်းရန် ကျော်ဇင်လတ်၏ Probox အဖြူရောင်ယာဉ်အားငှားရမ်းခဲ့ကြောင်း၊ ယင်းနောက် မူးယစ်ဆေးဝါးများသယ်ဆောင်ရန် ကျော်ဆန်းမင်း ပိုင်ဆိုင်သည့် SOJEN ယာဉ်အားငှားရမ်း၍ အဆိုပါယာဉ်ဖြင့် ကျော်ဆန်းမင်း၊ ယာဉ်မောင်း သန်းအောင်ဆွေနှင့် ယာဉ်နောက်လိုက် ကျော်ဝင်းထွန်းတို့အား လိုက်ပါရန်ချိတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ တရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားခံပြေး ကျော်လင်းနှင့် စိုင်းကျော်လှတို့အပါအဝင် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

ပြင်ဦးလွင် မတ် ၃



မန္တလေး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ယနေ့နံနက် ၉ နာရီမှ စတင်ပြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅)ရှိ အိမ်ခြေ ၂၂၇၇၊ အိမ်ထောင်စု ၂၈၃၁ စု၊ လူဦးရေ ၁၂၉၉ ဦးတို့အားသွားရောက်၍ မီးဘေးကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်သော မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ရပ်ကွက်အတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေရေး တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်း၊ မီးသုံးစွဲမှုစနစ်ကျခြင်း ရှိ၊ မရှိစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှု၊ ရေရရှိမှု၊ ရပ်ကွက်အတွင်းရှိ လမ်းများ မီးသတ်ယာဉ် ဝင်၊ ထွက် သွားလာနိုင်မှု ရှိ၊ မရှိတို့အား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ ''ပြည်သူ့ကြားကပြည်သူ့စကား''အစီအစဉ်မှ **“အမေရိကန်နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG”**ခေါင်းစဉ်ဖြင့် ၅–၃–၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ယဉ်ကျေးမှုအမွေ စောင့်ထိန်းသူများကို အငြိုးထား ဘာသာတရားမဲ့တဲ့ ပြည်ဖျက်အကြမ်းဖက် PDF”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၃-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၃၀ | ၃၃၄၀ | ၃၃၁၀ | ၃၂၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၈၀ | ၃၃၀၀ | ၄၅၀၅ | ၃၅၉၀ | ၃၃၁၅ | ၃၃၂၀ | ၃၃၈၅ | ၃၃၅၀ | ၃၃၇၅ | ၃၆၃၀ |
| 95 Ron | ၃၂၈၀ | ၃၃၉၀ | ၃၃၆၀ | ၃၂၉၅ | ၃၄၀၀ | ၃၄၁၅ | ၃၄၃၀ | ၃၃၅၀ | ၄၅၆၀ | ၃၆၄၀ | ၃၃၆၅ | ၃၃၇၀ | ၃၄၄၀ | ၃၄၀၀ | ၃၄၂၅ | ၃၆၈၀ |
| HSD (500 ppm) | ၂၇၆၀ | ၂၈၇၀ | ၂၈၄၀ | ၂၇၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | - | ၃၁၂၀ | ၂၈၄၅ | ၂၈၄၅ | ၂၉၁၅ | ၂၈၈၀ | ၂၉၀၅ | ၃၁၆၀ |
| HSD (50 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | ၄၈၃၀ | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |
| HSD (10 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | - | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၁ | ၃၁၄၆ |
| 95 Ron | ၃၁၀၀ | ၃၁၉၆ |
| HSD (500 ppm) | ၂၅၉၆ | ၂၆၇၇ |
| HSD (50 ppm) | ၃၂၂၆ | ၃၃၂၀ |
| HSD (10 ppm) | ၃၂၂၆ | ၃၃၂၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အင်းစိန်ထောင်မှခေါ်ထုတ်သွားသည့် လွတ်ရက်စေ့မှုဆလင်များကို စစ်တွေတွင် စစ်သင်တန်းပေးနေ ခေါင်းစဉ်ဖြင့် အများပြည်သူအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေ

နေပြည်တော် မတ် ၃

“အင်းစိန်ထောင်မှခေါ်ထုတ်သွားသည့် လွတ်ရက်စေ့ မူဆလင်များကို စစ်တွေတွင် စစ်သင်တန်းပေးနေ”ဟူသော ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် Ayeyarwaddy Times အမည်ရှိ Facebook Page ၌ အများပြည်သူ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရသည် ဥပဒေနှင့်အညီ စစ်မှုထမ်းခေါ်ဆောင်နေခြင်းသာဖြစ်ပြီး Ayeyarwaddy Times အမည်ရှိ Facebook Page ၏ ဖော်ပြမှုသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအား ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

သစ္စာ

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး)၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သော အထောက်အကူပြုဆွေးနွေးချက်များကို အပိုင်း (၂)ပိုင်း ခွဲ၍ ရှင်းလင်းဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် မေးခွန်းကို ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် မေးခွန်း (၅)ပုဒ် ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ် (၁)တွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ နားလည်သဘောပေါက်မှုကို ဆန်းစစ်သော မေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁)အတွက် စုစုပေါင်း ပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(က)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီကို မှား သို့မဟုတ် မှန် ဖြေဆိုရန် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၁။(ခ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက်၊ အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ဂ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် စာကြောင်း အပြည့်အစုံ မဖော်ပြဘဲ ကွက်လပ်ပေးထားသည်။ ကွက်လပ်တွင်ဖြည့်စွက်ရန် လိုအပ်သောစာသားကို ရေးသားဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုရာတွင် နံပါတ်တပ်၍အဖြေကို တိကျစွာဖြေဆိုရန်ဖြစ်သည်။

မေးခွန်းနံပါတ် (၂)တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအနက် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅)ခုမေးထားပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)ခုလျှင် ပေးမှတ် (၂) မှတ်ဖြစ်သဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅)ခုအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ် (၃)တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၃)အတွက် ပေးမှတ်မှာ(၂၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် (၂၀)မှတ်တန် မှတ်စုရှည်(၁)ပုဒ်ပေးထားပြီး (ရွေးချယ်ရန်အပုဒ်အပိုမပေးထား) မှတ်စုရှည် (၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၅)သည် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့်မေးခွန်းဖြစ်သည်။ ပေးထားသော ကိန်းဂဏန်းများနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သီအိုရီသဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သော မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၅)မေးခွန်းခွဲ (က)၊ (ခ) နှင့် (ဂ)မှ နှစ်သက်ရာ(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းနံပါတ်(၅) အတွက် ပေးမှတ်မှာ (၂၀)မှတ် ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန် မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့် မေးခွန်းတို့ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်း နံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁ ။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>(ခ) အဖြေမှန်ရွေးချယ်<br>(ဂ) ကွက်လပ်ဖြည့် | (၁၀ )ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂ ။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၅) ခု | (၅) ခု<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃ ။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄ ။ | မှတ်စုရှည် | (၁) ပုဒ် | (၁) ပုဒ်ဖြေ<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀ ) မှတ် |
| ၅ | ၅ ။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၃) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀ ) မှတ် |

**ဖြေဆိုပုံဖြေဆိုနည်း**

မေးထားသော မေးခွန်း (၅)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရန်နှင့် အမှတ်ကောင်းရရှိစေရန် ဖြေဆိုပုံ ဖြေဆိုနည်းကို မေးခွန်း (၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

**မေးခွန်း (၁-က)** ။ ။ ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော ဖော်ပြချက်အတွက် မှားသည်(သို့) မှန်သည်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းစာကြောင်း ပြန်ရေးရန် မလိုအပ်ပါ။ ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ – 'အပြည့် ပြိုင်ဆိုင်မှုရှိသောဈေးကွက်တွင် လုပ်ငန်းသည် အရှုံးနှင့်ရင်ဆိုင်နေရသော်လည်း စရိတ်ရှင်အတွက် ကာမိနေပါက လုပ်ငန်းကို ဆက်လက်လည်ပတ်မည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍မရသော မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ။ ။ ဤမေးခွန်းတွင် ပေးထားသောဖော်ပြချက်များအတွက်အဖြေကို (က)၊ (ခ) နှင့် (ဂ) ဟု (၃)မျိုးပေးထားပြီး ယင်းအဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ဥပမာ 'ကာလရှည် စုစုပေါင်းရောင်းလိုအား မျဉ်းကွေးသည်(က)အလျားလိုက် ဝင်ရိုးနှင့် အပြိုင်ဖြစ်သည်။ (ခ) ဒေါင်လိုက်မျဉ်းဖြောင့်ဖြစ်သည်။ (ဂ) အပေါင်းလက္ခဏာလျှောစောက်ရှိသည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (ခ) ဒေါင်လိုက်မျဉ်းဖြောင့်ဖြစ်သည်။ ထို့ကြောင့် မေးခွန်း (၁-ခ)၊ မေးခွန်းနံပါတ်သေး(၁)အတွက် အဖြေကို (၁) (ခ) ဟု ဖြေဆိုရန်ဖြစ်သည်။ ဖော်ပြချက် (၁၀)ခု အတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ။ ။ ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော စာကြောင်းတွင် လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုအပ်သည်။ ဥပမာ– ပျမ်းမျှထုတ်ကုန် တိုးတက်စဉ် အစွန်းထွက်ထုတ်ကုန်သည် ပျမ်းမျှထုတ်ကုန်ထက် -------------- နေသည်ဟူသော မေးခွန်းအတွက်အဖြေမှာ 'ပိုမြင့်မား' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁) ခုလျှင် (၁)မှတ်ဖြင့် (၁၀) ခုအတွက် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁) မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂) ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ် (၄၀) အပြည့် ရရှိနိုင်ပါသည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် အမှတ်(၂၀) မှတ်တန် မှတ်စုရှည် (၁) ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာ ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့် အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ မေးခွန်း (၃)ခု မေးထားပြီး နှစ်သက်ရာ (၂)ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ် (၅)နှင့်ပတ်သက်၍ အထူးအလေးပေးရှင်းလင်းလိုပါသည်။

သင်ခန်းစာ (၈)ခန်း ရှိသည့်အနက် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို မေးနိုင်သည့်အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာအခန်း(၁)၊ အခန်း(၂)၊ အခန်း(၃) နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

(က) **အခန်း(၁)** 'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'တွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ အခြားဝယ်လိုအား အလျော့အတင်းများနှင့် ရောင်းလိုအား အလျော့အတင်းများကို တွက်ချက်စေသောမေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကို ပြုလုပ်ရပါမည်။ ဥပမာ – ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသော အဖြေကို ဝယ်လိုအား၏ဈေးနှုန်း အလျော့အတင်းသဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသော အလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်း ဖြေဆိုရမည်။

**ဤအခန်းတွင် သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်း တန်ဖိုးအရ ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်း တန်ဖိုးကို တွက်ချက်မှုမပြုလုပ်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်း ရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအား အလျော့အတင်း အနည်း/အများကို သုံးသပ်နိုင်ကြောင်း သိရှိထားရန် လိုအပ်ပါသည်။ ဥပမာ အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်။

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | - |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |

**ဇယားပါအချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား အလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါဟူသော မေးခွန်းမျိုး သို့မဟုတ် ဈေးနှုန်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောရောင်းရငွေပြောင်းလဲမှုအပေါ်မူတည်၍ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းကို သုံးသပ်ဖြေဆိုပါ ဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ($E_d$) ကို တွက်ချက်ဖော်ပြရန် မလိုအပ်ပါ။** ဈေးနှုန်းနှင့် အရေအတွက်ကို

စာမျက်နှာ ၁၇ သို့ »»

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ဦးဆောင်၍ အမျိုးသမီးများခေါင်းဆောင်မှုစွမ်းရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်း ဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ တို့ကဦးဆောင်၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီး များနေ့အထိမ်းအမှတ် အမျိုးသမီး များ ခေါင်းဆောင်မှုစွမ်းရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယမန်နေ့ နံနက် ပိုင်းက ကျင်းပသည်။

အဆိုပါ အမျိုးသမီးစွမ်းဆောင်ရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင် ၁၄ ခရိုင်မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြို့နယ်ဥက္ကဋ္ဌ များ၊ မြန်မာနိုင်ငံအမျိုးသမီးများ နှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ အမျိုးသမီး အားကစား ဆပ်ကော်မတီဝင် များ၊ တိုင်းဒေသကြီးလူမှုဝန်ထမ်း ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အမျိုးသမီးများ ခေါင်းဆောင်မှု စွမ်းရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲ တွင် Women leadership၊ Negotiation process၊ Team Building & Team development၊ Be professional၊ Emotional management၊ Business Communication ခေါင်းစဉ်များဖြင့် အဖွဲ့လိုက် အပြန်အလှန်ဆွေးနွေး ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



»»» **စာမျက်နှာ ၁၆ မှ**

မြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါ ဇယားအရ ဈေးနှုန်း (၇၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၇၀) ကျပ် x (၂) ယူနစ် = ရောင်းရငွေ ၁၄၀ ကျပ် ]၊ ဈေးနှုန်း (၆၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၆၀) ကျပ် x (၄) ယူနစ်= ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၅၀) ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၅၀) ကျပ် x (၆) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ] စသဖြင့်တွက်ချက်ရရှိသည်။ ဈေးနှုန်းသည် (၇၀) ကျပ်မှ (၆၀) ကျပ်၊(၆၀) ကျပ်မှ (၅၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသော အရေအတွက် သည် တိုးလာပြီး ရောင်းရငွေလည်း တိုးသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ ဈေးနှုန်းနှင့် ရောင်းရငွေ ပြောင်းပြန်ဆက်စပ်သဖြင့် ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့်ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်။

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၃၀ | ၁၀ | ၃၀၀ | - |
| ၂၀ | ၁၂ | ၂၄၀ | နည်း |
| ၁၀ | ၁၄ | ၁၄၀ | နည်း |

**ဇယားပါအချက်အလက်များအရ** ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်း ရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါဇယားအရ ဈေးနှုန်း (၃၀) ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၃၀) ကျပ် x (၁၀) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ]၊ ဈေးနှုန်း (၂၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၂၀) ကျပ် x (၁၂) ယူနစ် = ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၁၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၁၀) ကျပ် x (၁၄) ယူနစ်= ရောင်းရငွေ ၁၄၀ ကျပ် ] စသဖြင့် တွက်ချက်ရရှိနိုင်သည်။ ဈေးနှုန်းသည် (၃၀) ကျပ်မှ (၂၀) ကျပ်၊ (၂၀) ကျပ်မှ (၁၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသော အရေအတွက်သည် တိုးလာသော် လည်း ရောင်းရငွေမှာ ကျဆင်းသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးခြင်းသည် ဈေးနှုန်းကျဆင်း ခြင်းထက် အချိုးအစားပိုနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ဈေးနှုန်းနှင့် ရောင်းရငွေ တိုက်ရိုက်ဆက်စပ်သဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

(ခ) **အခန်း(၂) 'ထုတ်လုပ်မှုသီအိုရီ'** တွင် စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက် ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံ နှင့် ထုတ်လုပ်မှု အဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကိုသိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များအရ တွက်ချက် ရရှိသော ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

(ဂ) **အခန်း(၃) 'စရိတ်သီအိုရီ'**တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာ မေးခွန်းမျိုး တွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံတို့ကို လေ့လာသိရှိထားရန် လိုအပ် သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန်လိုအပ်ပါသည်။ ဥပမာ- မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကို ရရှိနိုင်ကြောင်း သိရှိရန်လိုသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်း အချက်အလက်များအရ တွက်ချက်ရရှိသောစရိတ်များကို ဇယားတွင် ဖြည့်စွက်ဖြေဆို ရပါမည်။

(ဃ) **အခန်း(၇) 'စီးပွားရေးတိုးတက်မှု'** တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက် ချက်ပုံနှင့်သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကို လေ့လာထားရန် လိုအပ် သည်။ တွက်ချက်ရာတွင် အသုံးပြုသော ပုံသေနည်းများကို ဦးစွာဖော်ပြရမည်။

စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်သုံးသပ်ရာတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်နှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ မည်သည့်နှစ်များတွင် ပျမ်းမျှစီးပွားရေး တိုးတက်မှုနှုန်းထက်နိမ့်သည် စသဖြင့်သုံးသပ်နိုင်သည်၊ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တက်ခြင်းရှိပါက စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်တက်နေသည်၊ အချို့နှစ်များတွင် စီးပွားရေး တိုးတက်မှု နှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်ကျနေသည် စသဖြင့် သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်း အတက်အကျရှိပါက မည်သည့်နှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်းကျဆင်းပြီး မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်တိုးတက် လာသည်၊ မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် တိုးတက်ပြီး မည်သည့်နှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း ကျဆင်းသွားသည် စသည်ဖြင့် ကာလတစ်လျှောက် တွက်ချက်ရရှိသော စီးပွားရေး တိုးတက်မှုနှုန်းများကို သုံးသပ်ဖော်ပြနိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော စီးပွားရေး တိုးတက်မှုနှုန်းသည် အနုတ်လက္ခဏာဖြစ်ပါက ထိုနှစ်တွင် စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေး ဆုတ်ယုတ်ကျဆင်းသည်ဟု သုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသော လက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း}-\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ် သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍

၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း}-\text{ ၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည်။}$$

အကယ်၍ နှစ်အလိုက် ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့်နှိုင်းယှဉ်၍ တွက်ချက်ပါဟု မေးထား ပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း}-\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၀ ပြည့်နှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်တွက်ချက်လိုလျှင်

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း}-\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည်။}$$

ငွေဖောင်းပွမှုနှုန်းကိုသုံးသပ်ပုံမှာ မည်သည့်နှစ်တွင် တက်သည်၊ မည်သည့်နှစ်တွင် ကျသည်၊ မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်တက်သည်၊ မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်ကျသည်၊ ငွေဖောင်းပွမှုနှုန်း မည်သည့်နှစ်တွင် အနိမ့်ဆုံးဖြစ်၍၊ မည်သည့်နှစ်တွင် အမြင့်ဆုံး ဖြစ်သည် စသဖြင့်သုံးသပ်ဖော်ပြနိုင်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများကို နှံ့စပ်စွာ နားလည်တတ်မြောက်စေမှုကို ရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများကို နှံ့စပ်စွာ လေ့လာထားရန် လိုအပ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့်တွက်ချက်သုံးသပ်မှုမေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ် ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ပါစေဟု ဆန္ဒပြုလိုက် ပါသည်။

# ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုများကြားမှ တံတားတစ်စင်းဖြစ်သည့် ခရီးသွားလုပ်ငန်း

**ကိုဘုန်း(ထုတ်လုပ်)**



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးလာပြည်သူများကို တွေ့ရစဉ်။

ခရီးသွားခြင်းသည် အတွေ့အကြုံသစ်များကို ရရှိစေပြီး အတွေးအမြင်ကို တိုးတက်စေပါသည်။ ယဉ်ကျေးမှုအသစ်များကို ဖော်ထုတ်ပေးကာ မတူညီသောနောက်ခံများမှ လူအများနှင့် ချိတ်ဆက်ရန် ကူညီပေးသည်။ သမိုင်း၊ အနုပညာနှင့် ဓလေ့ထုံးတမ်းများကို လက်တွေ့လေ့လာ သင်ယူနိုင်သည်။ ထို့အပြင် ခရီးသွားခြင်းသည် အပန်းဖြေရန်၊ ဗဟုသုတရှာဖွေရန်နှင့် ရေရှည်တည်မြဲသော အမှတ်တရများကိုဖန်တီးရန် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။ ခရီးစဉ်တစ်ခုသည် ကိုယ်ပိုင်တိုးတက်မှုနှင့် ရှာဖွေတွေ့ရှိမှုအတွက် အခွင့်အလမ်းဖြစ်သည်။ ခရီးသွားလာမှုပုံစံသည် ခေတ်အဆက်ဆက်ပြောင်းလဲလာပြီး ခေတ်မီလာသည့် ခရီးသွားလုပ်ငန်းအဖြစ် ပေါ်ထွန်းလာကာ တဖြည်းဖြည်း ကြီးမားကျယ်ပြန့်လာသည်။ ခရီးသွားလုပ်ငန်းဟူသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးစီးပွားရေးလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ရေးကို များစွာအထောက်အကူပြုလျက် မီးခိုးမထွက်သောစက်ရုံဟု တင်စားသတ်မှတ်ထားသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်။

**ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ အရေးပါမှု**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို မြှင့်တင်ရာတွင် ဘက်စုံကဏ္ဍစုံမှ ခရီးသွားလုပ်ငန်း အခန်းကဏ္ဍကို အလေးပေးဖော်ပြသည်။ COVID-19 ကူးစက်ရောဂါမတိုင်မီက ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ GDP ၏ ၁၀ ရာခိုင်နှုန်းနီးပါးရှိပြီး သန်းနှင့်ချီ၍ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းမှုများ ဖန်တီးပေးခဲ့သည်။ ခရီးသွားလုပ်ငန်းသည် ဒေသတွင်းစီးပွားရေးကို ပံ့ပိုးပေးခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာများကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ခရီးသွားလုပ်ငန်း၏ သဘောသဘာဝအရ လုပ်ငန်းနယ်ပယ်ပေါင်းစုံတွင် အကျိုးဖြစ်ထွန်းစေသည်။ မြို့ပြနှင့် ကျေးလက်ဒေသများတွင်ရှိသည့် အမျိုးသမီးများ၊ လူငယ်များနှင့် ကျေးလက်နေပြည်သူများကို အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေနိုင်သည့်အပြင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များနှင့် အလှအပများကို ဖွင့်လှစ်ပြသနိုင်သည့် အခွင့်အလမ်းများလည်း ရရှိစေသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍကို ပိုမိုကောင်းမွန်စေရေး စီမံခန့်ခွဲပေးနိုင်ရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည်။

**မြန်မာနိုင်ငံနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်လျော်ညီသော ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုများ ရပ်တန့်လုနီးပါးဖြစ်ခဲ့ပြီး ဆက်စပ်စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကို မှီခိုရပ်တည်နေရသည့် အများပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာထိခိုက်ဆုံးရှုံးခဲ့ရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ စီးပွားရေးကုစားမှုစီမံကိန်း (COVID-19 Economic Relief Plan) အရ နိုင်ငံတော်ဘဏ္ဍာငွေ၏ သုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိ သုံးစွဲရန် သတ်မှတ်ထားခဲ့ရာ ခရီးသွားကုမ္ပဏီ ၂၄၄ ခု၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၃၃၉ ခုတို့ကို ငွေကျပ် ၂၁ ဒသမ ၄ ဘီလီယံ ထုတ်ချေးခဲ့သည်။ နိုင်ငံပိုင်ငှားရမ်းဟိုတယ်များအတွက် ငှားရမ်းခများကို ခြောက်လရွှေ့ဆိုင်းပေးခြင်းအပြင် ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ ၂၁ လကို ငှားရမ်းခ ၅၀ ရာခိုင်နှုန်းလျှော့ချပေးခြင်း၊ ဟိုတယ်၊ မိုတယ်၊ ခရီးလှည့်လည်ရေးလုပ်ငန်းများနှင့် ဧည့်လမ်းညွှန်များ၏ လုပ်ငန်းလိုင်စင်ကြေးများကို တစ်နှစ်စာ ကင်းလွတ်ခွင့်ပြုခြင်းများ ဖြေလျှော့ဆောင်ရွက်ပေးခဲ့သည်။ ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဦးစားပေးတစ်ရပ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများကို နိုင်ငံတော်၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်များတွင် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကာလတို၊ ကာလလတ်၊ ကာလရှည်ပန်းတိုင်များ အောင်မြင်စေရန်အတွက် မဟာဗျူဟာ ၁၈ ခု၊ အသေးစိတ်စီမံချက် ၉၃ ခု ပါဝင်သည့် **“မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅)”** ကို ရေးဆွဲ၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစပြီး ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားမှုအခြေအနေ လျော့နည်းလာသည်နှင့်အမျှ ပြည်တွင်းခရီးသွားလာမှုများ စတင်တိုးတက်လာသည်။ ၂၀၂၂ ခုနှစ် ဧပြီလမှစတင်ပြီး နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်း/ပြည်ပ ခရီးသွားလာမှုများ တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာသည်။ မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရာတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုများ၊ ကာဗွန်ထုတ်လုပ်မှု လျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် အင်တာနက်အခြေခံ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုရေး စသည့် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်များကိုလည်း ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် သွားလာလည်ပတ်နိုင်ရန်၊ ခရီးသွားများအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြည့်ပြည့်စုံစုံနှင့် လွယ်ကူလျင်မြန်စွာရရှိနိုင်အောင် စီစဉ်ပေးခြင်း၊ ခရီးသွားဧည့်သည်များ၏ ပြည်ဝင်၊ ပြည်ထွက်ခွင့် လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များကိုလည်း လွယ်ကူရှင်းလင်းစေခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ခဲ့သည်။

**တာဝန်သိခရီးသွားအမူအကျင့်များ**

ခရီးသွားလုပ်ငန်းသည် နိုင်ငံအများအပြားတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ပြီး ၎င်း၏ အကျိုးကျေးဇူးများသည် စီးပွားရေးလုပ်ငန်းများ ထက်သာလွန်သည်။ ၎င်းသည်ယဉ်ကျေးမှုဖလှယ်ခြင်းကို အားပေးပြီး မတူကွဲပြားသော လူဦးရေများအကြား နားလည်မှုကို တိုးပွားစေသည်။ သို့သော် အထူးသဖြင့် ခရီးသွားလာမှုအပေါ် ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် ရေရှည်တည်တံ့မှုကို ဦးစားပေးသည့်ခရီးသွားလုပ်ငန်းကို ဆောင်ရွက်ရန် အရေးကြီးပါသည်။ အမှိုက်နည်းစေရန်၊ ဒေသတွင်းစီးပွားရေးကို ပံ့ပိုးပေးခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းကဲ့သို့သော တာဝန်သိခရီးသွားအမူအကျင့်များကို အားပေးအားမြှောက်ပြုရမည်ဖြစ်သည်။ တာဝန်ယူမှုရှိသော ခရီးသွားအမူအကျင့်သည် သွားရောက်လည်ပတ်သည့်နေရာများနှင့် တွေ့ဆုံမည့်သူများအပေါ် အကျိုးသက်ရောက်မှုရှိသည်။

**ယဉ်ကျေးမှုကိုလေးစားမှုရှိခြင်း** - ဒေသဆိုင်ရာဓလေ့ထုံးတမ်းများ၊ ရိုးရာဓလေ့များနှင့် ဘာသာစကားများကိုလေ့လာပြီး လေးစားမှုရှိရပါမည်။ လူမှုအသိုင်းအဝိုင်းများနှင့် လေးစားစွာ ဆက်ဆံရပါမည်။

**ပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းမှုရှိခြင်း** - အမှိုက်ကို လျှော့ချခြင်း၊ တစ်ခါသုံး ပလတ်စတစ်များကို ရှောင်ကြဉ်ပြီး အမှိုက်မပစ်ရန် စည်းမျဉ်းများကို လိုက်နာခြင်းနှင့် ဂေဟစနစ်ဖြင့် သဟဇာတဖြစ်အောင် အတတ်နိုင်ဆုံး နေထိုင်ရပါမည်။

**ဒေသန္တရစီးပွားရေးများကိုပံ့ပိုးခြင်း** - နေရာထိုင်ခင်း၊ စားသောက်ခြင်းနှင့် သယ်ယူပို့ဆောင်မှုများအတွက် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို ရွေးချယ်ခြင်းဖြင့် ခရီးသွားလုပ်ငန်းနှင့် ဒေသန္တရလူ့အဖွဲ့အစည်းကို ရေရှည်တည်တံ့စေပါသည်။

> **ခရီးသွားလုပ်ငန်းသည် စွန့်ဦးလုပ်ငန်းရှင်များနှင့် MSMEs ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအတွက် အခွင့်အလမ်းများစွာကို ဆောင်ကြဉ်းပေးနိုင်သည်။ ခရီးသွားကဏ္ဍ၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများသည် အခြားသော ထုတ်လုပ်မှုကဏ္ဍများအပေါ်တွင်ပါ ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်လျက်ရှိရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည်။ ထို့ပြင် တည်းခိုနေထိုင်ရေးနှင့် ဧည့်သည်အား ဝန်ဆောင်မှုပေးခြင်းကဏ္ဍအပြင် ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ ပတ်ဝန်းကျင်သာယာလှပရေးကဏ္ဍ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍစသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးပေးနိုင်**

စာမျက်နှာ ၁၉ သို့ ❒



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုက်ကြီးမွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးခြံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ တိုက်ကြီးမွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးခြံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေဝသုန်ငုံးမွေးမြူရေးခြံတွင် အကောင်ရေ လေးသောင်းငါးထောင် မွေးမြူထားရှိမှု၊ FAMILY MYANMAR ဥစားကြက်မွေးမြူရေးခြံတွင် အကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှု၊ MNT GROUP OF COMPANIES နို့စားနွားမွေးမြူရေးခြံတွင် အကောင်ရေ ၃၄ ကောင်မွေးမြူထားရှိမှု၊ လင်းမြတ်မဟာဆိတ်မွေးမြူရေးခြံတွင် အကောင်ရေ ၃၀၀ မွေးမြူထားရှိမှု၊ National Wood ဒေသနွားမွေးမြူရေးခြံတွင် အကောင်ရေ ၈၂ ကောင် မွေးမြူထားရှိမှုနှင့် အကောင်ရေတိုး၍ ဆက်လက်မွေးမြူနိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်နေသည့်အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းလုပ်ကိုင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# TTTC (ဘယ်လင်း)၌ နည်းပညာစွမ်းရည်နှင့် တီထွင်ဆန်းသစ်မှုပရောဂျက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၃**

ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင် ကောလိပ် TTTC (ဘယ်လင်း)၌ ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသော နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆရာများ၏ လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲ၊ Grassroot Project နှင့် Innovation Project ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက ဆရာများ အရည်အသွေးပြည့်မီမှ နိုင်ငံတော်က အမှန်တကယ် အားထားရမည့် နည်းပညာရှင်လူငယ်များကို ပျိုးထောင်ပေးနိုင်မည်ဖြစ်ရာ ဆရာများသည် နည်းပညာ စွမ်းရည်များနှင့် တီထွင်ဆန်းသစ်နိုင်မှု စွမ်းရည်များ စဉ်ဆက်မပြတ် ပြည့်မီအောင် အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်နိုင်မှုပရောဂျက်များမှ ရလဒ်များကို ပြင်ပ MSME စက်မှုလုပ်ငန်းရှင်များထံ နည်းပညာများကို လွှဲပြောင်း ပံ့ပိုးပေးနိုင်ရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုရရှိသူအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကာ ပြိုင်ပွဲဝင်ပရောဂျက်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ပြီး လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲတွင် အင်ဂျင်နီယာဘာသာရပ် ခေါင်းစဉ်ခုနစ်ခုဖြင့် ပြိုင်ပွဲဝင် ၈၇ ဦး၊ Innovation Project ပြိုင်ပွဲတွင် အင်ဂျင်နီယာဘာသာရပ် ခေါင်းစဉ် ၁၀ ခုဖြင့် ပြိုင်ပွဲဝင်သူ ၂၀ ၊ Grassroot Project ပြိုင်ပွဲတွင် အင်ဂျင်နီယာဘာသာရပ် ခေါင်းစဉ် ၁၀ ခုဖြင့် ပြိုင်ပွဲဝင် ၁၈ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုပေါင်း ၄၇ ဆုအတွက် ဆုချီးမြှင့်ငွေကျပ် ၁၄၈ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**




မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ ဦးပိန်တံတားသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်စဉ်။

❒ စာမျက်နှာ ၁၈ မှ

**တောရိုင်းတိရစ္ဆာန်ကာကွယ်ခြင်း –** တောရိုင်းတိရစ္ဆာန်များကို အမြတ်ထုတ်သည့် ဆောင်ရွက်မှုများအား ရှောင်ကြဉ်၍ ထိန်းသိမ်းစောင့်ရှောက်ရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီသင့်ပါသည်။

သဘာဝခရီးသွားလုပ်ငန်း (Eco-tourism) သည် ခရီးသွားသူများအား သဘာဝပတ်ဝန်းကျင်၊ တိရစ္ဆာန်များနှင့် သဘာဝပုံရိပ်များကို ကာကွယ်သည့်နည်းလမ်းများကို ထောက်ပံ့သွားနိုင်သော လုပ်ငန်းတစ်ခုဖြစ်ပြီး သဘာဝစရိုက်များကို စီမံခန့်ခွဲနိုင်ခြင်း၊ သဘာဝအရင်းအမြစ်များကို လွတ်လပ်စွာ အသုံးပြုနိုင်သည့်အပြင် ဒေသခံများအား ကောင်းမွန်သောဝင်ငွေများကို ဖန်တီးပေးနိုင်သည်။ ခရီးသွားလုပ်ငန်း၌ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ အလေးထားဆောင်ရွက်ခြင်းဖြင့် နိုင်ငံရှိ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးကို အထောက်အကူပြုသည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာရောက်သည်။

ခေတ်မီခရီးသွားလုပ်ငန်း (Modern Travel Business) သည် နည်းပညာတိုးတက်မှုများနှင့် အဆင့်မြင့်ဝန်ဆောင်မှုများကို ချိတ်ဆက်ပြီး ခရီးသွားအတွေ့အကြုံများကို အထူးပြုလုပ်သော လုပ်ငန်းမျိုးဖြစ်သည်။ ယနေ့ခေတ်တွင် ခရီးသွားလုပ်ငန်းများသည် အင်တာနက်၊ မိုဘိုင်းအက်ပ်များ၊ ကွန်ပျူတာစနစ်များနှင့် ကုန်ပစ္စည်းအသစ်များကို အသုံးပြု၍ အချိန်တိုင်းခရီးသွားများအတွက် လွယ်ကူ၍ အဆင်ပြေသောဝန်ဆောင်မှုများ ပေးစွမ်းနိုင်သည်။ ခေတ်မီခရီးသွားလုပ်ငန်းတွင် ဝန်ဆောင်မှုများကို ပိုမိုအဆင့်မြင့်လုပ်ဆောင်နိုင်ရန် အနာဂတ်နည်းပညာများဖြစ်သော **Virtual Reality (VR), Augmented Reality (AR), Artificial Intelligence (AI)** နှင့် **Blockchain** စနစ်များကို အသုံးပြု၍ ခရီးသွားအတွေ့အကြုံများကို ပိုမိုအဆင့်မြင့်အောင် လုပ်ဆောင်ကြသည်။

ခရီးသွားလုပ်ငန်းသည် စွန့်ဦးလုပ်ငန်းရှင်များနှင့် MSME ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများအတွက် အခွင့်အလမ်းများစွာကို ဆောင်ကြဉ်းပေးနိုင်သည်။ ခရီးသွားကဏ္ဍ၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများသည် အခြားသော ထုတ်လုပ်မှုကဏ္ဍများအပေါ်တွင်ပါ ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်လျက်ရှိရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည်။ ထို့ပြင် တည်းခိုနေထိုင်ရေးနှင့် ဧည့်သည်အားဝန်ဆောင်မှုပေးခြင်းကဏ္ဍအပြင် ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ ပတ်ဝန်းကျင်သာယာလှပရေးကဏ္ဍ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍစသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးပေးနိုင်သည်။ ထို့အပြင် ခရီးသွားလုပ်ငန်းသည် မြို့ပြဒေသများအတွက်သာမက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေသဖြင့် ဒေသခံများအား အလုပ်အကိုင်နှင့် ပုံမှန်ဝင်ငွေကို တိုးပွားစေပါသည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ တောင်ပေါ်၊ မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေများစသည့် မတူကွဲပြား ထူးခြားလှပသော သဘာဝရှုခင်းများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သည့်အရာများ ဖြစ်ကြသည်။ ခရီးသွားလုပ်ငန်းသည် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ချိတ်ဆက်ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် နိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ တိုးတက်လာမည်ဆိုပါက နိုင်ငံ၏စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု များစွာပြောင်းလဲသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ပုသိမ်မြို့၌ ပို့ကုန်နှစ်ဆတိုးမြှင့်ရေး စားပွဲဝိုင်းဆွေးနွေးပွဲကျင်းပ

ပုသိမ် မတ် ၃

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာတွင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား (ဒုတိယနေ့)အဖြစ် ကျင်းပသည့် ပို့ကုန်နှစ်ဆတိုးမြှင့်ရေး စားပွဲဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းကကျင်းပရာ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူလယ်သမားနေ့ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ထူးချွန်ဆုရရှိသည့် တောင်သူများနှင့် Real Live Show ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ ပို့ကုန်နှစ်ဆတိုးမြှင့်ရေး၊ အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်တန်းဝင်သည့် ပြည်ပပို့ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ပြုလုပ်ခြင်းလည်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ဆက်စပ်နေသည့် တောင်သူများအနေဖြင့် ပို့ကုန်



နှစ်ဆ တိုးမြှင့်ရေးအတွက် ပါဝင်ဆွေးနွေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပို့ကုန်နှစ်ဆတိုးမြှင့်ရေး စားပွဲဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ စားပွဲဝိုင်းအလိုက် ပဲပုပ်/ပဲကြီး ဧကတစ်သိန်း ရောနှောစိုက်ပျိုးမည့် အစီအမံများ၊ စပါးကဏ္ဍ၊ အစေ့ထုတ်ပြောင်းကဏ္ဍ၊ ပီလောပီနံကဏ္ဍ၊ ရော်ဘာကဏ္ဍ၊ ပဲမျိုးစုံကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ငါးမွေးမြူရေးကဏ္ဍ၊ MSME ကဏ္ဍများကို ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြပြီး စားပွဲဝိုင်းအလိုက် ကဏ္ဍတစ်ခုချင်းစီအား ဆွေးနွေးနေမှုများ၊ အခမ်းအနားတွင် ပြသထားသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရှစ်ခရိုင်၏ လယ်ယာကဏ္ဍဆိုင်ရာ သီးနှံစိုက်ပျိုးနိုင်မှု အခြေအနေများနှင့် ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၂၃-၂၀၂၄ ခုနှစ်နှင့် ၂၀၂၄-၂၀၂၅ ခုနှစ် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးနိုင်မှု အခြေပြမြေပုံများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုသည်။

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် (ဒုတိယနေ့)အဖြစ် ပြခန်းများကို ဆက်လက်ပြသထားရှိရာ ယနေ့တွင် Telecom International Myanmar ကုမ္ပဏီမှ CEO နှင့် တာဝန်ရှိသူများသည် ခရိုင်အလိုက် သစ်သီးဝလံပန်းမန်များနှင့် MSME ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ဖွံ့ဖြိုးရေး သုတေသနပြခန်းများ၊ Super Sun-41 နေကြာစိုက်ခင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးကန်နှင့် အိမ်ခြံဝင်းဟင်းခင်းပဒေသာ ( Home Garden)၊ သစ်သီးဝလံပန်းမန်ဥယျာဉ်ကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# စိုက်ပျိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံငါးနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၃

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ကြီးမှူးကျင်းပသည့် စိုက်ပျိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာ၊ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား၊ ကနေဒါနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းရှိ Esperado Lake View Hotel ၌ ကျင်းပသည်။

ဦးစွာ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကိုလည်းကောင်း၊ GOPLO International,Business Council General Secretary မစ္စတာ ဖားမားဂျန်နဆန် အရူနာဆလမ်က အဖွဲ့လှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကိုလည်းကောင်း ပြသသည်။

ထို့နောက် အခမ်းအနားကို မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယသံအမတ် မစ္စတာ အရှစ် ရှရမားနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌက အထူးဧည့်သည်တော်များအား ဂုဏ်ပြုပုဝါများ လွှမ်းခြုံပေးကာ ဆီမီးများထွန်းညှိကြသည်။

ထို့နောက် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယသံအမတ် မစ္စတာအရှစ် ရှရမား၊ မစ္စတာ အက်စ်ဂန်းနားဆပ်ကရွင်၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးရန်ဝင်း၊ မစ္စတာ ဖားမား ဂျန်နဆန် အရူနာ ဆလမ်၊ မြန်မာ့ခရီးသွားဘဏ်၊ မြန်မာ့ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ ဒေါက်တာ ပီသီယူနမ် ကရဆူ၊ မစ္စတာ ရာဇင်ဒရာဂျိန်းနှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်းတို့က ဆွေးနွေးတင်ပြကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ



သံရုံးနှင့် နိုင်ငံခြားသံရုံးများမှ စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ၊ အိန္ဒိယ၊ ကနေဒါ၊ စင်ကာပူ၊ မလေးရှားနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာ့ခရီးသွားဘဏ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ယနေ့ကျင်းပသော မြန်မာ-အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို သုံးရက်တိုင်ကျင်းပသွားမည်ဖြစ်ပြီး မေလ၌ ဒုတိယအကြိမ်အဖြစ် မလေးရှားနိုင်ငံတွင်လည်းကောင်း၊ ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်အထိ တတိယအကြိမ်အဖြစ် အိန္ဒိယနိုင်ငံ နိုင်ငံပေါင်း ငါးနိုင်ငံ ကုန်စည်ပြပွဲတွင်လည်းကောင်း၊ ဒီဇင်ဘာလ၌ စတုတ္ထအကြိမ်အဖြစ် မြန်မာနိုင်ငံတွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**
**ဓာတ်ပုံ-မောင်သီ**

# မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများသို့ ကြိုတင်ဆောင်ရွက်ရန် လုပ်ငန်းများ နှိုးဆော်ချက်

၁။ မိုးကြိုချည်မျှင်ရှည်ဝါကို ဖေဖော်ဝါရီလလယ်မှ စတင်စိုက်ပျိုးမည်ဖြစ်ရာ မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများအနေဖြင့် အောက်ပါလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်သည်။

**(က) မျိုး**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ ဝါမျိုးစေ့များအား ကြိုတင်ဝယ်ယူစုဆောင်းထားရန်

(၂) မျိုးကွဲလုံးဝကင်းစင်ပြီး အပင်ပေါက်ရာခိုင်နှုန်း(၈၀) အထက်ရှိ အရည်အသွေးမြင့် မျိုးဝါစေ့များကိုသာ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်စုဆောင်းထားရန်

(၃) မျိုးစေ့များ ခြောက်သွေ့ရန်အတွက် နေ(၂-၃)ကြိမ်လှန်းပြီးမှ ဂုန်နီအိတ်တွင်ထည့်၍ ရေမစိုနိုင်သောနေရာတွင် ကတ်များခင်းပြီး သိုလှောင်ထားရန်

**(ခ) မြေ**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ရှေ့သီးနှံများ အချိန်မီဖယ်ရှားရေး၊ အချိန်မီမြေပြုပြင်ပြီးစီးရေး၊ စိုက်ပျိုးချိန်တွင် ရေအပြည့်အဝပေးသွင်းရရှိရေးတို့အတွက် ကြိုတင်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်

(၂) မြေဆီဩဇာသင့်တင့်ကောင်းမွန်ပြီး အစိုဓာတ်ထိန်းသိမ်းမှုနှင့် လေဝင်လေထွက်ကောင်းသော နုန်းမြေ၊ နုန်းစနယ်မြေနှင့် သဲနုန်းမြေများကို ရွေးချယ်စိုက်ပျိုးရန်

**(ဂ) ပေါင်းမြက်ကြိုတင်ကာကွယ်နှိမ်နင်းရေး**

(၁) ရှေ့သီးနှံ(ဥပမာ-စပါး)ရိတ်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် မြေမစိုလွန်း မခြောက်လွန်းရှိမည့် ပပ်ကြားအက်စအချိန်တွင် ပထမထယ်တစ်စပ်ထိုးရန်နှင့် အခြောက်လွန်သွားသောစိုက်ခင်းတွင် ရေစပ်ရုံမျှသွင်းပြီး မြေအထန့်တွင် ထယ်ထိုးရန်

(၂) မိုးနှောင်းချည်မျှင်ရှည်ဝါအပြီး မိုးကြိုဝါ ဆက်လက်စိုက်ပျိုးမည့် စိုက်ခင်းများတွင် ဝါကို နောက်ဆွဲကောက်သိမ်းခြင်းဖြင့် စိုက်ခင်းများအတွင်း ပေါင်းပင်များ အစေ့တည်ပြီး ရင့်မှည့်လာနိုင်သောကြောင့် ပေါင်းပင်များကို ဆက်လက်ရှင်သန်ခွင့်မပေးဘဲ ထယ်ထိုးပေါင်းသတ်ထားရန်

(၃) စိုက်ထယ်ရေးမပြုလုပ်မီအချိန်အတွင်း (၁၆)သွားထွန်တစ်စပ် သို့မဟုတ် နှစ်စပ်ဝင်ပြီး ပေါင်းသတ်ထွန်ရေးပြုလုပ်ထားရန်

(၄) အသုံးပြုမည့် ထယ်/ထွန်/ကြားတိုက်ကိရိယာများတွင် ပေါင်းစေ့များ တွယ်ကပ်မှုမရှိစေရန် ကောင်းစွာသန့်ရှင်းပြီးမှ အသုံးပြုရန်

(၅) မိုးကြိုချည်မျှင်ရှည်ဝါသည် ရေသွင်းစိုက်ပျိုးသည့် သီးနှံဖြစ်သည့်အလျောက် ရေသွင်းမြောင်းများ သန့်ရှင်းရေးကို ကြိုတင်ဆောင်ရွက်ထားရန်

(၆) ကောင်းစွာဆွေးမြည့်သော နွားချေးနှင့်သဘာဝမြေဩဇာများကိုသာ သုံးစွဲရန်

(၇) အကယ်၍ ပေါင်းသတ်ထွန်ရေး မပြုလုပ်နိုင်ခဲ့လျှင်သော်လည်းကောင်း၊ ပေါင်းသတ်ထွန်ရေးပြုလုပ်သော်လည်း ပေါင်းမြက်များ ဆက်လက်ကျန်ရှိနေလျှင်သော်လည်းကောင်း၊ အထူးသဖြင့် မြေစာမြက်ကဲ့သို့သော နှစ်ရှည်ခံပေါင်းမြက်များ ပေါက်ရောက်မှု ထူထပ်လျှင်သော်လည်းကောင်း အစိုဓာတ်သင့်တင့်စွာရှိချိန် ဝါမစိုက်ပျိုးမီ အနည်းဆုံး (၂၀-၂၅) ရက်ကြိုတင်၍ ပေါင်းသတ်ဆေးပက်ဖျန်းပေါင်းသတ်ထားရန်

**(ဃ) စိုက်ချိန်မှန်ကန်စေခြင်း**

မိုးကြိုချည်မျှင်ရှည်ဝါ - ဖေဖော်ဝါရီလလယ်မှ မတ်လလယ်အတွင်း

**ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**

## UNIT-8

# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

### STUDENT AND SUMMER

### ကျောင်းသားနှင့် နွေရာသီ

မြန်မာကျောင်းသားများအတွက် နွေရာသီသည် စာသင်နှစ်၏ ပင်ပန်းနွမ်းနယ်မှုများမှ အနားယူကာ ပျော်ရွှင်စွာ အားလပ်ချိန်ဖြတ်သန်းနိုင်သည့် အခွင့်အရေးကောင်းတစ်ခုဖြစ်သည်။ မိသားစုနှင့်အတူ ခရီးထွက်ခြင်း၊ ရပ်ကွက်အတွင်း အားကစားပွဲများတွင် ပါဝင်ခြင်းတို့ဖြင့် ပျော်ရွှင်နိုင်သလို၊ မိမိဝါသနာပါရာ အနုပညာ၊ ဂီတ၊ စာပေစသည့် နွေရာသီသင်တန်းများတွင်လည်း တက်ရောက်သင်ယူနိုင်ပါသည်။ ထို့အပြင် စာပေလေ့လာခြင်း၊ အွန်လိုင်းမှ အသိပညာရှာဖွေခြင်းတို့ဖြင့် မိမိ၏ ဗဟုသုတကိုလည်း တိုးပွားစေနိုင်ပါသည်။ နွေရာသီသည် ကျောင်းသားများအတွက် ပျော်ရွှင်မှုနှင့်အတူ မိမိကိုယ်ကို တိုးတက်အောင် ကြိုးစားနိုင်သည့် အချိန်ကောင်းတစ်ခုလည်းဖြစ်ပါသည်။

**Summer is Here!**

နွေရာသီ ရောက်ရှိလာပါပြီ!

**Staying Safe in the Heat:**

Summer can get very hot, and it's important to stay cool. Remember to drink water and stay in the shade when it's hot outside. Wear light clothes in summer to stay cool and comfortable.

နွေရာသီသည် အလွန်ပူပြင်းနိုင်သောကြောင့် အေးမြစွာနေထိုင်ရန် အရေးကြီးပါသည်။ အပြင်ဘက်တွင် ပူပြင်းချိန်၌ အရိပ်ထဲတွင် ရေများများသောက်ပြီးနေရန် သတိရပါ။ အေးမြ၍သက်သောင့်သက်သာရှိစေရန် နွေရာသီတွင် ပေါ့ပါးသော အဝတ်အစားများ ဝတ်ဆင်ပါ။

**Healthy Habits:**

Eating fresh fruits and veggies in summer is super good for you.

နွေရာသီတွင် လတ်ဆတ်သော သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ စားသုံးခြင်းသည် သင့်အတွက် အလွန်ကောင်းပါသည်။

Remember to take care of your skin and stay clean during summer to feel good.

နွေရာသီတွင် သင့်အသားအရေကို ဂရုစိုက်ပြီး သန့်ရှင်းစွာနေထိုင်ရန် သတိရပါ။

**Fun and Games:**

Summer is a great time to play sports like swimming.

နွေရာသီသည် ရေကူးခြင်းကဲ့သို့ အားကစားများ ကစားရန် အကောင်းဆုံးအချိန်ဖြစ်သည်။

**Learning and Growing:**

Reading during summer can learn new things and use your imagination.

နွေရာသီတွင် စာဖတ်ခြင်းသည် အသစ်သောအရာများကို လေ့လာနိုင်ပြီး သင့်စိတ်ကူးစိတ်သန်းများကို အသုံးပြုနိုင်သောကြောင့် အလွန်ကောင်းပါသည်။



**စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)**

Technology helps us make fun memories by taking pictures and videos outside.

အပြင်ဘက်တွင် ဓာတ်ပုံများနှင့် ဗီဒီယိုများ ရိုက်ကူးခြင်းဖြင့် ပျော်ရွှင်စရာ အမှတ်တရများဖန်တီးရန် နည်းပညာက ကူညီပေးပါသည်။

We can learn new things online and stay in touch with friends and family through video calls and social media.

အွန်လိုင်းမှတစ်ဆင့် အသစ်သောအရာများကို လေ့လာနိုင်ပြီး ဗီဒီယိုခေါ်ဆိုမှုများနှင့် လူမှုမီဒီယာများမှတစ်ဆင့် သူငယ်ချင်းများနှင့် မိသားစုများနှင့် အဆက်အသွယ်မပြတ်စေနိုင်ပါ။

**Helping Others:**

We need to be careful with water during summer because it can be scarce. We should also donate people who don't have enough water.

နွေရာသီတွင် ရေရှားပါးနိုင်သောကြောင့် ရေကို ဂရုတစိုက် အသုံးပြုရန်လိုအပ်ပါသည်။

ရေမလုံလောက်သောသူများကိုလည်း လှူဒါန်းသင့်ပါသည်။

**Creativity and Culture:**

Summer is perfect for being creative! You can paint outside, take photos, or write poems about how beautiful summer is.

နွေရာသီသည် တီထွင်ဖန်တီးနိုင်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။ အပြင်ဘက်တွင် ပန်းချီဆွဲခြင်း၊ ဓာတ်ပုံရိုက်ခြင်း သို့မဟုတ် နွေရာသီ၏ အလှအကြောင်း ကဗျာများ ရေးသားနိုင်ပါသည်။

**Travel:**

Summer is a great time to visit cool places like beach resorts.

နွေရာသီမှာ ပင်လယ်ကမ်းခြေအစရှိသည့် အေးမြသောနေရာများသို့ သွားရောက်လည်ပတ်ရန် အချိန်ကောင်းဖြစ်ပါသည်။

**Food Fun:**

Outdoor cooking during summer picnics is an enjoyable activity.

နွေရာသီတွင် ပျော်ပွဲစားထွက်၍ အစားအစာများ ချက်ပြုတ်ခြင်းသည် ပျော်စရာကောင်းသော လုပ်ဆောင်မှုတစ်ခုဖြစ်ပါသည်။

**Remember the Good Times:**

Summer memories are special and help us remember happy times.

နွေရာသီ၏ အမှတ်တရများသည် အထူးတလည် တန်ဖိုးထားဖွယ်ရာဖြစ်ပြီး ကျွန်ုပ်တို့၏ ပျော်ရွှင်သော အချိန်ကာလများကို ပြန်လည်အမှတ်ရစေရန် အထောက်အကူပြုပါသည်။

**Helping Our Community:**

Buying foodstuff like cold drinks in summer helps local shops.

နွေရာသီတွင် အအေးကဲ့သို့သော စားသောက်ကုန်ပစ္စည်းများ ဝယ်ယူခြင်းဖြင့် ဒေသခံလုပ်ငန်းများကို အထောက်အကူပြုနိုင်ပါသည်။

**ပျော်ရွှင်ဖွယ် နွေရာသီ**

နွေရာသီသည် မြန်မာကျောင်းသားများအတွက် ပျော်ရွှင်မှု၊ အနားယူမှု၊ အသိပညာရှာဖွေမှု၊ တီထွင်ဖန်တီးမှုနှင့် အသိုင်းအဝိုင်းကို အကျိုးပြုနိုင်မှုတို့ဖြင့် ပြည့်စုံသော အချိန်အခါကောင်းတစ်ခုဖြစ်သည်။ ကျောင်းသားများအနေဖြင့် နွေရာသီကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် မိမိတို့၏ အနာဂတ်အတွက် အဖိုးတန်သော အတွေ့အကြုံများနှင့် ဗဟုသုတများကို ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ယခုနွေရာသီတွင် ကျောင်းသားများအားလုံး ပျော်ရွှင်စွာ အားလပ်ရက်များကို ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## သဒ္ဒါနည်းအမှားများ

**လှသမိန်**

(၂၅-၂-၂၀၂၅ ရက်နေ့မှအဆက်)

**ဘဲ**

၂၆။ **အမှား။** သူသည် နှစ်ရက် ရေမသောက်၍ နေနိုင်သည်။
**အမှန်။** သူသည် နှစ်ရက် ရေမသောက်**ဘဲ** နေနိုင်သည်။
**အကြောင်းပြ။** တားမြစ်သော ကြိယာတွင် (ဘဲ)ကိုသုံး၍ ရိုးရိုးကြိယာတွင် (၍)ကိုသုံးနိုင်သည်။ ဥပမာ-
သူသည် နှစ်ရက်တိုင် ရေသောက်၍ နေနိုင်သည်။

**လျှင်**

၂၇။ **အမှား။** မိုးရွာ**လျှင်** ရေချိုးသည်။
**အမှန်။** မိုးရွာ**လျှင်** ရေချိုးမည်။
**အကြောင်းပြ။** (လျှင်)သည် မဖြစ်သေးသော အနာဂတ်ကိုမျှော်၍ ရည်ဆိုသော ပုဒ်ဖြစ်သည်။ ထို့ကြောင့် ကြိယာနောက်ဆက်မှာ (မည်)သာ ဖြစ်သင့်ပေသည်။ အကယ်၍ (လျှင်)ကို အတိတ်ညွှန်သည့် (သောအခါ)အနက်မျိုးဖြင့် သုံးလျှင်မူကား ခြွင်းချက်ထား၍ သုံးနိုင်ဖွယ်ရှိသည်။ ဥပမာ-
ခမည်းတော်မင်းကြီးလွန်လျှင် အိမ်ရှေ့မင်း နန်းစံ၏။ (သည်)ဤတွင် (လျှင်)အစား (သောအခါ) ကို သုံးစွဲခြင်းက ပို၍ သင့်လျော်ပေမည်။

**အကြောင်းမူကား**

၂၈။ အမှား။ စပါးပင်သည် သန်၏၊ **အကြောင်းမူကား** မြေသြဇာကျွေး၏။
အမှန်။ စပါးပင်သည် သန်၏၊ **အကြောင်းမူကား** မြေသြဇာကျွေးခြင်း **ကြောင့်တည်း။**
**အကြောင်းပြ။** (အကြောင်းမူကား)သည် (အကြောင်းရင်းကို ဆိုလိုသည်ရှိသော်) ဟူသောအနက်ရှိ၍ စကားစတင်ကျန်၏။ အဆုံးအကွပ်အသိမ်း၌ (ကြောင့်)ဟူသော စကားမျိုးဖြင့်သာ ကွပ်သိမ်းသင့်သည်။

**အစား**

၂၉။ **အမှား။** ဤကျောင်း၌ ပြောင်းရွှေ့သွားသော ဆရာနှစ်ဦး**အတွက်** ဆရာသစ် မရောက်လာသေးချေ။
**အမှန်။** ဤကျောင်း၌ ပြောင်းရွှေ့သွားသော ဆရာနှစ်ဦး**အစား** ဆရာသစ် မရောက်လာသေးချေ။
**အကြောင်းပြ။** ဆရာသစ်မှာ ပြောင်းရွှေ့သွားသော ဆရာဟောင်းများ၏ အကျိုးအလို့ငှာ မဟုတ်ဘဲ၊ အစားဝင်ရန်သာ ဖြစ်သဖြင့် (အတွက်)ကို မသုံးသင့်ပေ။ ထို့ကြောင့် (အစား)ကိုသာ လွှဲပြောင်းသုံးသင့်သည်။

**မှ**

၃၀။ **အမှား။** သောင်းကျန်းသူနှင့် တိုက်ပွဲဖြစ်ပွားရာ တပ်မတော်**မှ** လက်နက်များ သိမ်းဆည်းရရှိ၏။
**အမှန်။** သောင်းကျန်းသူနှင့် တိုက်ပွဲဖြစ်ပွားရာ တပ်မတော်**က** လက်နက်များ သိမ်းဆည်းရရှိ၏။
**အကြောင်းပြ။** (မှ)ကို သုံးသဖြင့် တပ်မတော်က မသိမ်းဘဲ တပ်မတော်ထံမှ သောင်းကျန်းသူက သိမ်းသကဲ့သို့ ဖြစ်နေသည်။ ကတ္တားပုဒ်ကို ထင်ရှားစေရန် (ကို)ကိုသာ သုံးစွဲရလေသည်။

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူဖော်ပြပါသည်။

# မုံရွာမြို့၌ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ



**မုံရွာ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ(၂/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ပိုမိုများပြားလာမည်**

ဦးစွာ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နွေရာသီ ရက်ရှည်ကျောင်းပိတ်ရက်များတွင် မိသားစုလိုက် ခရီးသွားလာခြင်းများ ပိုမိုပြုလုပ်ကြမည်ဖြစ်ကြောင်း၊ ဘုရားဖူးခရီးသွားခြင်း၊ အပန်းဖြေခရီးထွက်ခြင်း၊ ဇာတိရပ်ထံ အလည်အပတ်သွားခြင်းတို့ရှိသည့်အတွက် ဟိုတယ်၊ တည်းခိုရိပ်သာများတွင် ဧည့်သည်များ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းရှင်များဘက်ကလည်း တည်းခိုသူများ ပေးရသည့်ငွေနှင့်တန်အောင်၊ စိတ်ကျေနပ်အောင် ဝန်ဆောင်မှုကောင်းများပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များနှင့် ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းရှင်များက တိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားဝင်ရောက်မှု၊ ခရီးသွားဒေသများပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဟိုတယ်/တည်းခိုရိပ်သာဆိုင်ရာ သင်တန်းများဖွင့်လှစ်သွားမည့် အခြေအနေများ၊ လုံခြုံရေးအခြေအနေများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက်တိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်စကားပြောကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြင်စလူ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ 150 W FM လွှင့်စက်ဖြင့် ရေဒီယိုအစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် မတ် ၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပြင်စလူစက်ရုံတွင် FM လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ လွှင့်အား 150 W၊ လှိုင်းနှုန်း (90.2 MHz) ဖြင့် MRTV FM ရေဒီယိုအစီစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

**ဖမ်းယူနားဆင်နိုင်**

ထိုသို့ ထုတ်လွှင့်လျက်ရှိရာ ပြင်စလူမြို့ပေါ်ရပ်ကွက် ၁၊ ၂ နှင့် ၃ တို့မှလည်းကောင်း၊ အရှေ့ဘက် အရာတော်ပူ၊ သောင်လေး၊ ရေချိုကန်၊ ကွင်းပေါက်၊ အိုင်မ၊ အမတ်ကလေး၊ အမတ်ကြီးကျေးရွာများမှလည်းကောင်း၊ အနောက်ဘက်တွင် ထန်းပင်ကုန်း၊ ကုန်းကြီး၊ ကွင်းယား၊ အဝကား၊ နံ့သာကုန်း၊ သပြေချိုင်၊ ကံကြီးဒေါင့်ကျေးရွာများမှလည်းကောင်း၊ တောင်ဘက်တွင် လေယာဉ်ကွင်း၊ ဝါးဘိုးကုန်း၊ ကျားချောင်း၊ အောင်လှိုင်ကျေးရွာများမှလည်းကောင်း၊ မြောက်ဘက်တွင် ဘိုးသက်ရှည်၊ လှစာ၊ ရေကျော်ဝ၊ နောက်ဖေးကုန်း ကျေးရွာများမှ လည်းကောင်း အသံကြည်လင်ပြတ်သားစွာဖြင့် ဖမ်းယူနားဆင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


ပြည်သူ့ကျန်းမာရေးဦးစီးဌာန

**အသည်းရောင်အသားဝါ(အေ) ရောဂါ ကြိုတင်ကာကွယ်ပါ**

အသည်းရောင်အသားဝါ(အေ)ရောဂါသည် အသည်းရောင်အသားဝါဗိုင်းရပ်စ်(အေ)ရောဂါပိုးကြောင့်ဖြစ်ပွားပြီး အလွယ်တကူ ကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ပါသည်၊ အသက်အရွယ်မရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပါသည်။

**ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ**

- ရောဂါပိုးရှိသူ ခန္ဓာကိုယ်မှထွက်သော အညစ်အကြေးများပါရှိနေသော မသန့်ရှင်းသည့်အစားအသောက်များကို စားသောက်မိခြင်း၊
- အသည်းရောင်အသားဝါ(အေ)ရောဂါပိုးရှိသူလူနာနှင့် အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း။

**ရောဂါလက္ခဏာများ**

- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်းနှင့် အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊
- ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်၊
- အသည်းရောင်အသားဝါ (ဘီ) သို့မဟုတ် (စီ) ရောဂါပိုးရှိသူများ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများတွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

- တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုပါ၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောခြင်းကို အစားအစာများကို မကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာ အသုံးပြုပြီးတိုင်း ဆောင်ရွက်ပါ၊
- အစားအစာများအား မချက်ပြုတ်မီ သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာဆေးကြောပါ၊
- ဆူပွက်သည်အထိကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်စင်ဆေးပြားအသုံးပြုသန့်စင်ထားသည့်ရေ သို့မဟုတ် FDA အသိအမှတ်ပြုရေသန့်ကို သောက်သုံးပါ၊
- အစားအစာများအား အစိမ်းစားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊ ယင်နားစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- အိမ်သာနှင့် မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန်သတိပြုပါ၊ ယင်လုံအိမ်သာ သုံးစွဲပါ၊
- ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် အစားအသောက်ရောင်းချသူများတွင် ရောဂါဖြစ်ပွားပါက အရေပြားနှင့် မျက်သားဝါပြီးနောက် အနည်းဆုံး (၁၀)ရက်ကြာသည်အထိ အစားအသောက် ကိုင်တွယ်ရောင်းချခြင်းအား ရပ်နားပါ။

**ဖျားခြင်း၊ အရေပြားနှင့် မျက်သားဝါခြင်း စသည့် အသည်းရောင်အသားဝါ(အေ)ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသပါ။**

မတ်လ၊ ၂၀၂၅


❂ ၂၀၂၄-၂၀၂၅ ရာသီမှ

Generations အသင်းက ၁၈ မှတ်၊ Winner Soccer အသင်းက ၁၅ မှတ်၊ YCDC Marga အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က ၁၁ မှတ်စီ၊ SGF အသင်းက ခုနစ်မှတ် ရရှိထားသည်။

ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၁၆) တွင် Pacific Sun Far အသင်းက 7 Dragon အသင်းကို လေးဂိုး-နှစ်ဂိုး၊ 7 Brother အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုး၊ Gold Dream အသင်းက Black Cross အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ JZ Yangon အသင်းက KKY အသင်းကို သုံးဂိုး-တစ်ဂိုး၊ YCDC Marga Youth အသင်းက Maryar အသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ TG United အသင်းက လက်ဝဲသုန္ဒရအသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၆) အပြီးတွင် TG United အသင်းက ရမှတ် ၄၀ ဖြင့် ဆက်လက်ဦးဆောင်နေပြီး Pacific Sun Far အသင်းက ၃၆ မှတ်၊ Gold Dream အသင်းနှင့် 7 Dragon အသင်းတို့က ၂၉ မှတ်စီ၊ JZ Yangon အသင်းက ၂၈ မှတ်၊ YCDC Marga Youth အသင်းက ၂၅ မှတ်၊ Black Cross အသင်းက ၂၃ မှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ၁၄ မှတ်စီ၊ 7 Brother အသင်းက ၁၃ မှတ်၊ KKY အသင်းက ၁၁ မှတ်၊ Maryar အသင်းက ၁၀ မှတ် ရရှိထားသည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

❍ ကျောဖုံးမှ

ဟာရူယူကီသည် ONE နှင့် သုံးပွဲထိုးသတ်ရာတွင် သုံးပွဲစလုံး အနိုင်ရထားပြီး နောက်ဆုံးနှစ်ပွဲကို အလဲထိုးအနိုင်ရထားသဖြင့် သက်လွင်အောင်၏ ပွဲဦးထွက်ပွဲမှာ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။

မြန်မာဖိုက်တာ စိုးလင်းဦး၏ တွဲဆိုင်းမှာမူ မတ် ၈ ရက် မြန်မာစံတော်ချိန် နံနက်ပိုင်းတွင် ကျင်းပမည့် ONE Fight Night 29 ပြိုင်ပွဲတွင် ပါဝင်လာမည်ဖြစ်သည်။ စိုးလင်းဦးသည် ရုရှားဖိုက်တာ ဒီမီထရီနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ONE နှင့် ခြောက်ပွဲမြောက် ထိုးသတ်ရမည်ဖြစ်သည်။ စိုးလင်းဦးသည် ပထမသုံးပွဲဆက်တိုက် အနိုင်ရထားသော်လည်း ONE နှင့် စာချုပ်ရပြီးကတည်းက နှစ်ပွဲဆက်တိုက် အရေးနိမ့်ထားသည်။ ဒီမီထရီသည် ONE နှင့် သုံးပွဲထိုးသတ်ထားရာတွင် နှစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။

မတ် ၁၄ ရက်တွင် ကျင်းပမည့် ONE Friday Fights 100 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စူပါရေချမ်းပွဲ ပါဝင်လာမည်ဖြစ်ပြီး ထိုင်းဖိုက်တာ ဆန်ဂါသစ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ယခုပွဲကို ကစ်ဘောက်ဆင်စည်းမျဉ်းဖြင့် ထိုးသတ်ရမည်ဖြစ်ပြီး ဆန်ဂါသစ်အတွက် ONE နှင့် ပွဲဦးထွက်ပွဲလည်းဖြစ်သည်။ စူပါရေချမ်းသည် ပြီးခဲ့သည့်နှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးပွဲတွင် ထိုင်းဖိုက်တာကို ပထမအချီမှာပင် အလဲထိုးအနိုင်ရထားသည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - ONE Championship**

❒ အက်ဖ်အေဖလားမှ

အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာတဲ့ အသင်းတွေထဲမှာ ဖူလ်ဟမ်အသင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်း၊ ဘုန်းမောက်အသင်းနဲ့ ဘရိုက်တန်အသင်းတို့ကတော့ အက်ဖ်အေဖလားသမိုင်းတစ်လျှောက်မှာ တစ်ကြိမ်မှ ဖလားရရှိခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။

အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တွေကို မတ် ၂၉ ရက်မှာ ယှဉ်ပြိုင်ကစားမှာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

# အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေး ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း၌ ကျောင်းဆင်းပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲကျင်းပ

**အုတ်တွင်း မတ် ၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၏ ကျောင်းဆင်းပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှ တာဝန်ခံဆရာမကြီး ဒေါ်စန်းသူဇာမျိုးက ကျောင်းနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းဆင်း ကလေးငယ်များအား တာဝန်ရှိသူများက ကျောင်းပြီးဆုံးကြောင်း ဂုဏ်ပြုလွှာများပေးအပ်ပြီး အလှူရှင်ကျောင်းသားမိဘများကိုလည်း ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။ ထို့နောက် မြို့နယ် မိခင်နှင့်ကလေးကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းမှ ကလေးငယ်များ၏ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကဗျာရွတ်ဆိုခြင်းများပြုလုပ်ပေးကာ အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြောင်းသိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



## ဓနုဖြူမြို့နယ်၌ မတ်ပဲများ ထွက်ပေါ်လျက်ရှိပြီး တောင်သူများ အကျိုးအမြတ်ရရှိ

ဓနုဖြူ မတ် ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်တွင် သီးနှံမျိုးစုံစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ဆောင်းသီးနှံဖြစ်သည့် မတ်ပဲများကို ၂၀၂၄ ခုနှစ်တွင် စိုက်ဧက ၈၉၃၃၄ ဧက စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် ၄၂၈၂၄ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနစာရင်းများအရ သိရသည်။

မတ်ပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် စတင်ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် မတ်ပဲပင်ထောင်မျိုးများကို စိုက်ပျိုးကြပြီး မတ်ပဲမျိုးတစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့်ဝယ်ယူ၍ တစ်ဧကလျှင် မျိုး ခြောက်ပြည်ခန့် ကြဲပက်စနစ်ဖြင့်စိုက်ပျိုးကြကြောင်း၊ မတ်ပဲတစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ် ၇၀၀၀၀၀ ကုန်ကျပြီး တစ်ဧကလျှင် ၁၂-၁၅ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဓနုဖြူမြို့နယ်အတွင်းရှိ ပွဲရုံများသို့ရောင်းချပြီး ပွဲရုံများမှ ရန်ကုန်မြို့သို့တင်ပို့ ရောင်းချ၍ ထိုမှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

## အထက်မင်းလှမြို့ ပန်းတော်ပြင်ကျေးရွာ၌ ကြက်သွန်နီသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေး မတ် ၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများသည် သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သုံး သီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်နီသီးနှံကို ပန်းတော်ပြင်ကျေးရွာ၌ ၁၅ ဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။



ကြက်သွန်နီသီးနှံကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလကုန်တွင် တူးဖော်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ ဘောင်တင်စနစ်ဖြင့် ရေသွင်းစိုက်ပျိုးကြောင်း ပင်စိုက်နှင့် ဥစိုက်ဟူ၍စိုက်ပျိုးကြပြီး ဥစိုက်ကြက်သွန်နီကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် ရွှေဖလားမျိုးကို ရေနံချောင်းမြို့မှ တစ်ပြည်လျှင် ငွေကျပ်တစ်သိန်းဖြင့်ဝယ်ယူ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုး ခြောက်ပြည်ခန့် ကုန်ကျကြောင်း၊ ကြက်သွန်နီတစ်ဧကလျှင် မျိုးဖိုး၊ မြေပြုပြင်ခ၊ လုပ်အားခ၊ ရေသွင်းခနှင့် အခြားသွင်းအားစုစရိတ် အပါအဝင် စုစုပေါင်းငွေကျပ် သိန်း ၃၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က ကြက်သွန်နီ တစ်ဧကလျှင် ပိဿာချိန် ၃၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံသို့ တိုက်ရိုက် တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ကြက်သွန်နီ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီအချိန်တွင် တူးဖော်ရမည်ဖြစ်ကာ အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အမြတ်ရရှိမည်ဖြစ်ကြောင်း ကြက်သွန်နီစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

## ဓနုဖြူမြို့နယ်၌ ဘူးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ဓနုဖြူ မတ် ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဥယျာဉ်ခြံမြေလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် ဘူးသီးနှံများကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဘူးပင်ကို နိုဝင်ဘာလတွင် စိုက်ပျိုး၍ နှစ်လခွဲခန့်အကြာ ဖေဖော်ဝါရီလမှစတင်၍ ဘူးသီးများ ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် ဗမာမျိုးများကို စိုက်ပျိုးကြပြီး စင်တင်စနစ်နှင့် မြေချစနစ်ဟူ၍ရှိရာ စင်တင်စနစ်ဖြင့်သာ အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် ဘူးပင်ရေ ၁၈၀ ခန့် ဝင်ဆံ့စိုက်ပျိုးနိုင်ပြီး စင်တင်စနစ်စိုက်ပျိုးရာ၌ အသုံးပြုသည့်ဝါးစင်ကို နှစ်နှစ်အတွင်း ပြန်လည်အသုံးပြုနိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၇ သိန်းကျော်ခန့် ကုန်ကျကြောင်း၊ ဘူးသီးကိုတစ်လလျှင် လေးကြိမ် ခူးဆွတ်နိုင်ပြီး လေးလအကြာထိ ခူးဆွတ်လျက်ရှိရာ တစ်ဧကလျှင် စုစုပေါင်း ဘူးသီးအလုံးရေ ၄၁၀၀-၄၃၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဓနုဖြူမြို့နယ်နှင့် ပန်းတနော်မြို့နယ်အတွင်းရှိ ကုန်စိမ်းလက်ကားဆိုင်များ၊ ဘူးသီးကြော်ဆိုင်များသို့ရောင်းချလျက်ရှိရာ ဘူးသီးနှံစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိသောကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ ■

## ဓနုဖြူမြို့နယ်၌ ခရမ်းကြွပ်သီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ဓနုဖြူ မတ် ၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံဖြစ်ထွန်းအောင်မြင်လျက်ရှိရာ ခရမ်းကြွပ်သီးကို မိသားစု တစ်ပိုင်တစ်နိုင်အနေဖြင့် လည်းကောင်း၊ စီးပွားဖြစ်အနေဖြင့်လည်းကောင်း စိုက်ပျိုးကြပြီး ဓနုဖြူမြို့နယ်တွင် နှစ်စဉ် ၆၅၇၉ ဧက စိုက်ပျိုးထားရှိကြောင်း မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**နှစ်စဉ်စိုက်ပျိုး**

ခရမ်းကြွပ်သီးကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် အသီးများ စတင် ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် ပဒေသာခရမ်းကြွပ်(ထိုင်ဝမ်)မျိုးများကို ဘောင်ခတ်၍ အတန်းလိုက်စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ခရမ်းကြွပ်သီးကို ငါးရက်ခြားတစ်ကြိမ်ခူးဆွတ်ရပြီး အသီးကုန်ချိန်အထိ ငါးလခန့် ခူးဆွတ်ရကြောင်း၊ တစ်ဧကလျှင် အလုံးရေ ၈၀၀၀၀ ခန့်ထွက်ရှိပြီး ဓနုဖြူမြို့နယ်ဒေသတွင်းရှိ ကုန်စိမ်းပွဲစားများသို့ ရောင်းချသည့်အပြင် ပွဲစားများမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ခရမ်းကြွပ်သီးစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိသောကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



သတင်းရင်းမြစ် - စီးပွား/ကူးသန်း

### ၃-၃-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှပ်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရှတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၂၇၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၇၈၆၅ | ၁၇၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | | | ၃၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၆၆၅ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၅၄၅၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၂၇၅ | ၁၆၀၀၀ | ၃၈၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၅၀ | ၉၈၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၇၅၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၄၅၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၃၀၀၀ | ၇၇၀၀ | ၈၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၀၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၁၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၉၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၀၄၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၂၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၈၀၀ | ၉၅၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၇၈၁၅ | ၁၂၀၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၇၈၀၀ | ၄၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၇၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၇၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၆၂၀ | ၁၆၂၀၀. | ၃၂၀၀ | ၁၅၄၀၀ | ၁၇၅၀၀ | ၉၂၀၀ | ၃၆၀၀ | ၇၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၇၀၀ | ၅၀၀၀ | ၅၄၀၀ | ၁၇၆၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၂၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၆၂၀ | ၁၆၄၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၇၀၀ | ၉၂၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၂၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၂၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ကရဏာလမ်း၊ မြေကွက်အမှတ် (၁၁၃၁)ဟုခေါ်တွင်သော မြေအကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်အနက်မှတရားဝင် မခွဲစိတ်ရသေးသော(ခြေရင်းခြမ်း) မြေအကျယ်အဝန်း ( အလျား၂၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ နှစ်( ၆၀ )ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်၍ လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန္ဒာ[၁၂/တမန(နိုင်)၀၂၈၅၉၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်တင်မိုးခိုင်(ခ) ဒေါ်တင့်ခိုင်ဝေ[၁၂/ရကန(နိုင်)၀၀၆၇၆၈]သည် အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို(၃-၃-၂၀၂၅ )ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မျိုးချစ် (LL.B)** **ဒေါ်သက်ဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၇၄) အထက်တန်းရှေ့နေ(စဉ်-၅၀၀၁၆)**
**တိုက်(B-8)၊ အခန်း(၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-778849700, 09-773562082**

## အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ဂူကြီးကုန်းကျေးရွာ၊ နွယ်ခွေအနောက်တော၊ ကဝိလမ်း၊ ဦးကျော်ညိမ်း အမည်ပေါက် မြေအမျိုးစား-၃(က)ထွက်ရှိသော မြေတိုင်းရပ်ကွက်အမှတ်-၅၂၈/က၊ မြေကွက်ကြီးအမှတ်-၆၁၊ အကျယ်အဝန်း-၃.၉၇၈ဧ အကျယ်အဝန်းရှိသည့် အနက်မှ တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသည့် ရှေ့နောက် အလျား(၅၀)ပေx မျက်နှာစာ-အနံ(၂၀)ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၇၈၊ ကဝိလမ်း၊ ဂူကြီးကုန်းရပ်ကွက်၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော ၂ ထပ်တိုက် အဆောက်အဦအပါအဝင် ယင်းအဆောက်အဦတွင် သွယ်တန်းတပ်ဆင်ထားသော ရေ၊ မီး၊ မီလ္လာနှင့် ယင်းတို့နှင့် ပတ်သက်လျက်ရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံး၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့် ဦးကျော်ကျော်လွင်[၁၄/မအန(နိုင်)၁၂၁၃၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါပြီး (၇)ရက်အတွင်း စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ တရားဝင် ကန့်ကွက်နိုင်ပါကြောင်း ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ထွန်း LL.B, DBL, DML, DIL, DIPL, D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၁)**
**အခန်း-၁၆(ခ)၊ ပထမထပ်၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၆၂၈၉၇**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၇၄၂/ခ)ဟုခေါ်တွင်သော ဒေါ်သန္တာမြင့် အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား မြေအကျယ်(၂၀x၆၀)ပေရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးတင်မျိုးဆန်း[၁၂/လမန(နိုင်)၀၈၂၆၇၂]မှ အမည်ပေါက်ထံက ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာငွေး [၁၂/မဘန(နိုင်)၀၃၅၈၉၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ် ဒေသတို့ကိုပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇) ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဒေါ်သီတာငွေး**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ်(၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးမေတ္တာ ရပ်ကွက်(အောင်ချမ်းသာတိုးချဲ့)၊ စက်ပစ်ကွင်းလမ်းမကြီး၊ မြေကွက်အမှတ်(၁၇၈၂) ဟုခေါ်တွင်သည့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးအေးဝင်းအမည်ဖြင့် ချထားပေးသည့် အကျယ်အဝန်း(၄၀ x ၆၀)ပေအကျယ်ရှိ (ပါမစ်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ် စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နုနုဝေ(ဘ)ဦးသောင်းရွှေ[၇/ကဝန(နိုင်)၀၉၇၈၅၅]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချိုချိုစန်း(ဘ)ဦးချမ်းမြ [၁၂/မဂတ(နိုင်)၀၇၈၉၉၆]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၉၄၉/၂၀၁၃)**
**ဖုန်း-၀၉-၄၂၁၀၅၃၁၁၀**

**ဒေါ်ခိုင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၇၃၄/၂၀၁၄)**
**ဖုန်း-၀၉-၄၂၁၀၅၃၁၀၁**

**(ရုံးခန်း) သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## "ဦးသိန်းထွန်း (ISN-၄၀၆၃၆၈)အား အကြောင်းကြား တောင်းဆိုခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ သန္တာ(၈)လမ်း၊ မြေကွက်အမှတ်-၂၄၈ ၁/၂ အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် လူကြီးမင်း ဦးသိန်းထွန်း အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်တို့အား လူကြီးမင်းကိုယ်တိုင်မှ ကျွန်ုပ်၏မိတ်ဆွေတို့အား နှစ်ဦးသဘောတူ မြေနှင့်အိမ် အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆို၍ အရောင်းအဝယ် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေတို့သည် အဆိုပါမြေနှင့် အိမ်ကို တရားဝင်အမည်ပြောင်းဆောင်ရွက်ရန်အတွက် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ပြုလုပ်ချုပ်ဆိုရန် လိုအပ်နေပါသည်။ သို့ဖြစ်ရာ လူကြီးမင်းအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို လာရောက်ချုပ်ဆိုပေးရန်အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်ထိ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုဆောင်ရွက်မည်ဖြစ် ကြောင်း လူကြီးမင်းကို အကြောင်းကြားအသိပေးအပ်ပါသည်။ လူကြီးမင်းအား ဆက်သွယ်ရာတွင် ဆက်သွယ်ရာဖွေ၍မရရှိသည့်အတွက် ယခုကဲ့သို့ သတင်းစာတွင် ကြေညာရခြင်းဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၁၉)၊ မြေဧရိယာ(၅.၀၀)ဧကရှိ ဒေါ်ဟေမာန်ကြည်သာ(ဘ) ဦးညီလေး(ခ)ကြည်သာ[၁၂/ဒဂန(နိုင်)၀၂၉၈၀၂] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်ဟေမာန်ကြည်သာမှ ဒေါ်ယော်ဆိုင်းရီ(ဘ)ယော်ချောက်ချင်း[၁၃/ကခန(နိုင်)၀၃၈၄၇၄]၊ ဒေါ်ခင်ခင်လေး(ဘ) ဦးလီဒွေး [၁၃/လရန(နိုင်)၁၀၁၃၄၃]၊ ဦးကျော်လွန်(ဘ) ဦးမောင်ထွန်း [၁၃/ကခန (နိုင်)၀၄၆၀၄၃]တို့နှင့် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန် **မြေပုံ၊ မြေရာဇဝင်** လျှောက်ထားလာမှုအပေါ် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်း များနှင့်အညီ **မြေပုံ၊ မြေရာဇဝင်** လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၄၀၁)၊ ဧရိယာ(၀.၁၁၈)ဧကရှိ ဦးတူး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူး ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မော်မော်စိန် (ဘ) ဦးခင်မောင်စိန် [၉/မနတ (နိုင်)၀၄၈၃၂၈]မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၉၂၇/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး ဒေါ်ချိုချိုဦး (ဘ) ဦးစောမောင် [၁၄/ဘကလ(နိုင်)၀၀၉၉၁၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၅၅၂/က၊ မြေကွက်လိပ်စာအမှတ်-၅၅၂/က၊ စာဂလမ်း(၂၀)၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ အကျယ်အဝန်း(၂၀ x ၆၀)ပေ၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ ဦးကျော်ဇေယျာဦးနှင့် ဒေါ်မေမွန်ကျော်တို့ (၂)ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို **ဦးကျော်ဇေယျာဦး [၁၂/ သကတ(နိုင်)၂၀၁၀၄၁]နှင့် ဒေါ်မေမွန်ကျော်[၇/သနပ(နိုင်)၀၈၇၈၇၄]**တို့ (၂)ဦးက မိမိတို့တရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ပြန်လည် ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးအောင်ပြည့်ဖြိုး[၁၃/ကမန(နိုင်)၀၇၉၆၂၅]**က အဆိုပါမြေနှင့်အဆောက်အဦကို အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး နှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည့်တိုင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ပြည့်ဖြိုး [၁၃/ကမန(နိုင်)၀၇၉၆၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၅)**
**အမှတ်(၈၈)၊ မြေညီထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၂၇၇၈၉၅၊ ၀၉-၇၉၉၂၉၄၈၉၄**

## Board of Director အဖွဲ့ဝင်ပြောင်းလဲခြင်း

အမှတ်-၉၉၀၊ ၁၆/၁ ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးတွင် ရုံးချုပ်တည်ထောင်ဖွင့်လှစ်ထားသော MC Easy Microfinance Co.,Ltd (ကုမ္ပဏီ လိုင်စင်အမှတ် – ၁၀၃၃၄၀၂၉၂)၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်အမှတ် (၀၂၆၃-၂၀၁၇) (အမြဲတမ်း) ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ပြုလုပ်သော ဒါရိုက်တာ အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ Director အဖွဲ့ဝင် (၂) ဦး နုတ်ထွက်ခြင်းအား အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ အသိအမှတ်ပြုပြီး ဖြစ်ပါသည်။

| စဉ် | ယခင်ဒါရိုက်တာ | ယခုဒါရိုက်တာ |
|---|---|---|
| ၁ | OHNMAR LWIN | OHNMAR LWIN |
| ၂ | YEE LATT AYE | YEE LATT AYE |
| ၃ | NICHOLAS JOHN POWELL | NICHOLAS JOHN POWELL |
| ၄ | YEUNG CHUN KIT (နုတ်ထွက်) | |
| ၅ | AUDREY LAURIE MARINE SAINT JEAN (နုတ်ထွက်) | |

**MC Easy Microfinance Co.,Ltd**
**ဒါရိုက်တာအဖွဲ့**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၂-ရပ်ကွက်၊ ပါရမီလမ်း၊ တိုက်အမှတ် (Unit -5)၊ Tower-B, အခန်းအမှတ် (105)၊ (၈)ထပ်တိုက်၏ ပထမထပ် ကွန်ဒိုတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးတင့်ဆွေ (၁၂/အစန (နိုင်) ၁၅၉၉၄၃)**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်သီတာမြင့် (၁၂/ဗဟန (နိုင်) ၀၃၉၄၉၈)**ကအပြီးအပိုင် ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများ ရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင် ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်စန်းစန်းမော် (LL.B)** (စဉ်-၆၄၈၇/၉၇)
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ငုဝါလှိုင် (LL.B)** (စဉ်-၅၀၉၀၅)
**အထက်တန်းရှေ့နေ**

အမှတ်-၅၀၊ပ-ထပ်၊အခန်း (D-2)၊ ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅ ) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်-[ပစ(င)၃၅၄၁]၏ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက် အမည်ပေါက် ဒေါ်သန်းသန်းရွှေ မှတ်ပုံတင်အမှတ်[၁၄/မအပ(နိုင်)၂၆၉၂၅၅]အဖအမည် ဦးကျော်ရင်မှ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းမိတ္တူ၊ ကိုယ်တိုင်ဝန်ခံကတိပြု ချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းတင်ပြပြီး **နှစ်(၃၀)မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေး ပါရန်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပျောက်ဆုံးသွားသော နှစ်(၃၀)မြေငှားစာချုပ် စာအုပ်(မူရင်း)အား ပယ်ဖျက်၍ နှစ်(၃၀)မြေငှားစာချုပ်(မိတ္တူမှန်)လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ပုဗ္ဗသီရိရပ်၊ လူနေရပ်ကွက်အမှတ် ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၁၅၆၃) ၏ နှစ်(၃၀)မြေငှားစာချုပ်မူရင်း ပျောက်ဆုံး သွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဦးလင်းဦး(ဘ)ဦးစံရာ[၉/ပမန(နိုင်)၀၂၂၇၂၄]၏ အထူးကိုယ်စားလှယ်ရရှိ ထားသူ ဒေါ်ဆွေဆွေအောင် (ဘ)ဦးအောင်စိန်[ ၉/မကန(နိုင်)၁၀၄၁၆၅] မှ လျှောက်ထားလာမှုအား ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် ပြီး ကန့်ကွက်သူမရှိသဖြင့် မြေငှားစာချုပ် မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ပါ၍ မူလက ထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ်အမှတ်၊ ပုဗ္ဗသီရိ/သစ်-၁၀၁၈/၂၀၁၅- ၂၀၁၆၊ ဦးလင်းဦး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မူရင်းကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီး ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်-၅/ဃ၊ မြေဧရိယာ(၂.၂၃၈)ဧကရှိ B မြေပိုင်မြေ (စိုက်ပျိုးရေးသုတေသနလမ်းမြေအဖြစ် အသုံးပြုရန်သတ်မှတ်(လ/န-၃၉)အမျိုးအစားမြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျား ၁၅ ပေxအနံ၄၅ပေ) အကျယ်အဝန်းရှိ B မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၈၃၊ အင်းစိန်လမ်းမ(သပြေသာ)လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော H Bean/Steel Structure အုတ်ညှပ် အမျိုးအစား (၂ ၁/၂)ထပ်တိုက်အဆောက်အဦ(၁)လုံး၊ အိမ်သုံးလျှပ်စစ်မီတာ (၂)လုံး၊ ရေ၊ မီးအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးစိုးဝင်း(ခ)ဟုန်ဖေရီ[၉/မနမ(နိုင်)၀၀၅၁၉၃]ထံမှ ဝယ်ယူရန် ဦးရဲမင်းထွန်း[၁၂/မရက(နိုင်)၁၆၀၂၆၂]၏ ဆက်သွယ်မိတ်ဆက်မှုအရ မူလမြေကွက်ကြီးပိုင်ရှင် နော်ဂေးဖောထူး[၁၂/မရက(နိုင်)၁၁၄၄၆၅]မှ သိရှိ သဘောတူညီချက်အရ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေနှင့်အိမ် အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။ **ဝယ်ယူသူ ဦးကြည်အောင်နှင့် ဒေါ်ဝင်းမင်းအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးထင်ကျော် B.Sc., H.G.P, R.L** **ဒေါ်သက်လေးချို LL.B., D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅/၉၀)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၈/၁၄)**
**အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂ လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၆၀၂၁၊ ၀၉-၄၂၀၀၂၄၂၈၉**

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၂၁ဘီ၁)၊ မြေကွက်အမှတ်(9–Northern Quarter)အကျယ်အဝန်း (၂၅'x၆၀') အကျယ်မြေကွက်နှင့် မြေကွက်အမှတ်(9–A piece of land adjacent to and North of Northern Quarter)၊ အကျယ်အဝန်း (၁ပေ၄လက်မx၆၀ပေ)အကျယ်ရှိ မြေပိုင်မြေကွက်(၂)ကွက်မှာ ရန်ကုန်မြို့ တော်စည်ပင်သာယာရေး ကော်မတီ၏ မြို့/မြေစာရင်းတွင် ဒေါ်ရှုရန်(ခ)ကျောင်ရှုရန်၊ Ong Lai Chain၊ ဒေါ်နီနီ၊ ဒေါ်ဝါဝါ၊ ဒေါ်ဘေဘီ၊ ဦးအောင်သန်း၊ ဦးအောင်သိန်း၊ ဦးအောင်ဌေး၊ ဒေါ်ခင်သန်းတို့ (၉)ဦး အမည်ပေါက် မြေပိုင်မြေကွက်များဖြစ်ပြီး၊ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ် လွှဲစာများရယူထားသူများဖြစ်ကြသည့် ဦးရဲချို[၁၂/လသန(နိုင်)၀၀၇၃၃၁]၊ ဦးရှိဟွန်[၁၂/လသန(နိုင်)၀၁၄၅၂၉]နှင့် ဦးအောင်သန်း[၁၂/လသန (နိုင်)၀၁၀၆၂၁] တို့မှ အရှုပ်အရှင်းကင်းစွာဖြင့် မိမိတို့မှတာဝန်ယူ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်များနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)က်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် ပိုင်ဆိုင်မှု မူရင်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**ဖုန်း–၀၉–၄၃၁၁၄၁၄၁၊ ၀၉–၄၀၀၁၀၁၄၁၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၁၀–ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်–၁၃၁ ရှိ(၁၂ ၁/၂ x ၅၂)ပေအကျယ်အဝန်းရှိ (၄)ခန်းတွဲ (၈)ထပ်တိုက်မှ ပဥ္စမထပ်(၆–လွှာ/ခြေရင်းခြမ်း) တိုက်ခန်းသည် ဦးထူးမောင်[၁၂/ကတတ(နိုင်)၀၂၁၀၂၉]သည် (၁၀–၄–၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်” ဖြင့် တရားဝင်ဝယ်ယူပိုင်၍ လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အဆိုပါတိုက်ခန်းအား ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ လည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းကို စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၇၆)**
**အမှတ်–၉၊ သီရိမြိုင်လမ်းမ၊ ၁၃–ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်း ကျေးရွာ၊ ဘုရားကုန်းအဆင့်–၁၊ မြေကွက်အမှတ် (၂၁၀) ဟုခေါ်တွင်သည့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးလှဘော်/ဦးသိန်းဦးအမည်ဖြင့် ချထားပေးသည့်အကျယ်အဝန်း(၄၀ x ၆၀)ပေ အကျယ်ရှိ (ပါမစ်) မြေကွက်နှင့်ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဝင်းမြင့် (ခ)လင်ကျင်ရွှေ(ဘ)ဦးညွှန့်ရွှေ(ခ)လင်အီဗွမ်း [၁၂/ပဇတ(နိုင်)၀၀၈၇၇၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိဖြူလွင်(ဘ)ဦးခင်မောင်ဖြူ [၁၂/ ရကန(နိုင်)၀၇၂၅၆၀] မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင် စာချုပ်စာတမ်းအထောက် အထား၊ စာရွက်စာတမ်း (မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက် အရောင်း အဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် – ၈၉၄၉/၂၀၁၃)** | **(စဉ် – ၉၇၃၄/၂၀၁၄)** |
| ၀၉ – ၄၂၁၀၅၃၁၁၀ | ၀၉ – ၄၂၁၀၅၃၁၀၁ |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစု ရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ အကွက်အမှတ်(၂၆)၊ ကျိုက်ဗောဓိမြောက်ကွက်၊ ဦးပိုင်အမှတ် (၉/က)၊ ဧရိယာ (၀.၇၅၂) ဧကအကျယ်ရှိ ဦးဘသိန်းအမည်ပေါက် ၃(ခ)ရရှိပြီးမြေအား အရောင်းအဝယ်စာချုပ်အမှတ် (၆/၁၉၆၇) ဖြင့် ဒေါ်ကျင်ညွန့် နှင့် ဦးကျော်ညွန့်တို့က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ ဧရိယာ (၀.၇၅၂) ဧကအတွင်း မှ ဧရိယာ(၀.၅၀၂)ဧကအား အရောင်းအဝယ်စာချုပ်အမှတ် (၁၅/၁၉၈၀) ဖြင့် ဦးမြအေးနှင့် ဒေါ်ကျင်ဌေးတို့က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့ထံမှ ဧရိယာ (၀.၁၄၉) ဧကအား အရောင်းအဝယ်စာချုပ်အမှတ် (၇/၁၉၈၃) ဖြင့် ဦးမြင့်သိန်းမှ ဝယ်ယူပိုင်ဆိုင် ခဲ့ပါသည်။ ဦးမြင့်သိန်းနှင့် ဒေါ်ယဉ်မေတို့မှာ တရားဝင် အကြင်လင်မယားများ တော်စပ်ကြ၍ သားသမီးအရင်းအချာများအဖြစ် ၁။ ဦးထိန်ဝင်း၊ ၂။ ဒေါ်ရီရီမြင့်၊ ၃။ ဒေါ်သီတာမြင့်၊ ၄။ ဦးမျိုးကျော်တို့ (၄)ဦးအား မွေးဖွားခဲ့ပါသည်။ ဦးမြင့်သိန်းမှာ (၁–၅–၂၀၁၈) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ယဉ်မေမှာ (၂၃–၆–၂၀၁၁) ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့၍ အထက်ဖော်ပြပါဧရိယာ (၀.၁၄၉) ဧကအကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ၁။ ဦးထိန်ဝင်း၊ ၂။ ဒေါ်ရီရီမြင့်၊ ၃။ ဒေါ်သီတာမြင့်၊ ၄။ ဦးမျိုးကျော် တို့(၄)ဦးမှ ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆို မည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူရှိပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့် ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအမွေဆက်ခံပိုင်ဆိုင် ကြောင်း မြွက်ဟကြေညာစာချုပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဖြူမြတ်သွယ် (LL.B)** | **ဒေါ်အေးသန္တာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် – ၈၉၇၇/၂၀၁၃)** | **(စဉ် – ၉၇၉၉/၂၀၁၄)** |
| ၀၉ – ၅၁၃၂၆၄၇ | ၀၉ – ၄၂၀၁၉၂၈၂၅ |

**(ရုံးခန်း) သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်တွက်၊ သန်လျင်မြို့။**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၂၇၀)၊ အဆောက်အဦအမှတ်(၄)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ အကျယ်အဝန်း(၂၅x၅၀)ပေရှိမြေကွက်ပေါ်တွင်ဆောက်လုပ် ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)ရှိ မြေညီထပ်(ခြေရင်းခြမ်း/ထပ်ခိုးပါ) တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံး၏ တရားဝင်ပိုင်ဆိုင်ထားသူရောင်းသူ **ဒေါ်သန္တာထွန်း [၁၂/ဒပန(နိုင်)၀၃၉၀၅၇]**မှ မိမိတရားဝင် ပိုင်ဆိုင်လက်ရှိ အကျိုးခံစားခွင့်ရရှိထား ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေ **ဦးသောင်းမြင့် [၉/မကန(နိုင်)၁၁၀၆၂၂]**မှ အပြီးအပိုင် ဝယ်ယူရန်ရောင်းဖိုး ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဦးသောင်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးသီတာကျော် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၉၅၅၀)**
**အမှတ် (၂၂၄)၊ (၁၃)လမ်းထိပ်၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၅၁၁၇၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် –၁၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မင်းရဲကျော်စွာလမ်းနှင့် (၁၃)လမ်းထောင့်၊ မြေကွက်အမှတ်– ၇၈ (အလျား ၄၅' x အနံ ၆၀')ရှိ ဦးသိန်းရွှေအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ (တရားဝင်မခွဲမစိတ်ရသေးသော) ခေါင်းရင်း ဘက်ခြမ်း (၂၅' x ၆၀')အကျယ်ရှိ မြေနှင့်အဆောက်အဦးနှင့်တကွ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုမွန်ချိုချို (၉/မဟမ (နိုင်) ၀၄၂၈၈၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လင်စော (၁၃/လရန (နိုင်) ၀၈၄၂၇၄)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေနှင့်အဆောက်အဦးအပေါ် ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ( ၁၄ )ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများ နှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ကြည်ကြည်ခိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၄၇၉)
အမှတ် (၅၀)၊ ပ–ထပ်၊ အခန်း (B-6)၊ ဘဏ်လမ်း။ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph : 09 421124352

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥဿာ(၅) ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၉)၊ မြေကွက် အမှတ်(၁က)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေအား ရဲမှူးစိန်မြင့်(ငြိမ်း)မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက် လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက မြေငှားဂရန်အသစ်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စခန်းကြီးကျေးရွာ အုပ်စု၊ ငြိမ်းချမ်းသာယာကျေးရွာ၊ B–15လမ်း၊ မြေကွက်အမှတ်(၁၇၇)၊ (၆၀x၆၀)ပေ၊ အမှတ်(၁၇၈)(၄၀x၆၀)ပေနှင့် B–16 လမ်း၊ အမှတ်(၁၇၉) (၄၀x၆၀)ပေ စသည့်ခြံမြေကွက်များအား လက်ဝယ်ပိုင်ဆိုင်သူ ဦးအေးအောင် (ဘ) ဦးခင်မောင် [၁၂/လကန(နိုင်)၁၅၃၈၀၅]မှ တရားဝင်ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းလှိုင်(ဘ) ဦးမြင့်ဖေ[၄/ပလဝ(နိုင်)၀၃၃၄၇၃]မှ အပြီးအပိုင်ဝယ်ယူ ရန်အတွက် ဖော်ပြပါခြံမြေများ၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသောကြောင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် စာရွက်စာတမ်းမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီးသတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသန်းလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မျိုးခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၁၀၅)**
**ဖုန်း–၀၉–၉၆၉၃၈၃၇၆၆၊ ၀၉–၆၆၇၄၀၅၈၆၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒဝန်လမ်း၊ တိုက်အမှတ်(၁၀၃)၊ ဒုတိယထပ်၊(ခြေရင်းခန်း)၊ အခန်းအမှတ်(B–3)ဧရိယာ အကျယ်အဝန်း (၁၂ ၁/၂x၅၀)ပေရှိ ရေမီးစုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ခင်စန်း(ဘ) ဦးစီဟန် [၇/လပတ (နိုင်)၁၃၅၈၁၃]မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုလာဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိနှင်းမျိုး (ဘ) ဦးတိုး[၇/ရကန(နိုင်)၀၉၀၄၂၉] မှ အထက်ဖော်ပြပါတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါသောကြောင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်ပြီး ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်အိနှင်းမျိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မျိုးခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၁၀၅)**
**ဖုန်း–၀၉–၉၆၉၃၈၃၇၆၆၊ ၀၉–၆၆၇၄၀၅၈၆၆**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၅၊ မြေကွက်အမှတ်–၁၆၁၀၊ ဧရိယာ(၄၀x၆၀)ပေရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် (ဦးစံသောင်းကွယ်လွန်)၊ ဒေါ်ခင်ရွှေ[၁၂/သကတ (နိုင်)၀၁၅၂၁၆]တို့အမည်ဖြင့် မှတ်သားတည်ရှိပါသည်။

အဆိုပါမြေကွက်အား မျက်နှာမူသော် လက်ဝဲဘက်ခြမ်း(၂၀x၆၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကိစ္စနားကူမာရ်[၇/ဖမန(နိုင်)၂၄၆၂၉၇]က ပါမစ်မူရင်း နှင့်တကွ အဆက်စပ်ကတိစာချုပ်မူရင်းများအား ပြသပြီး ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အထွေးကင်းရှင်း ကြောင်း၊ တရားဝင်လက်ရှိထား စီမံခန့်ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်း သဖြင့် ဦးကိစ္စနားကူမာရ်ထံမှ ဒေါ်သန်းသန်းထက် [၉/ကပတ(နိုင်)၄၇၃၇၉] က (၁–၃–၂၀၂၅)ရက်စွဲပါ နှစ်ဦး သဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် မြေကွက်ရောင်းဖိုးငွေအားလုံးကို အပြေအကျေ ပေးချေဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။

အထက်ဖော်ပါမြေ(တစ်စိတ်တစ်ဒေသ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သန်းသန်းထက် တစ်ဦးတည်းသာ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ဒေါ်သန်းသန်းထက်မှလွှဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ အကျိုးခံစားခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုသန္တာဝင်း (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၅၉၈)**
**အမှတ်–၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၀၃၁၁၅၀၊ ၀၉–၇၇၇၇၅၂၀၁၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်–၁၅၈၊ အေးသာယာ(၃)လမ်း၊ အေးသာယာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်–၅၃၅(က)၊ မြေကွက်အမှတ်–၁၅၈၊ (၃၀ x ၅၀)ပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်ခိုင်မင်းသူ[၁၂/ကမရ(နိုင်)၀၅၃၅၇၀] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ အဆိုပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် တို့ကို တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ် မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၇၆)**
**အမှတ်–၉၊ သီရိမြိုင်လမ်းမ၊ ၁၃–ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ပ/စံပြရပ်ကွက်၊ သုတိလမ်း၊ အမှတ်–၄ ဟုခေါ်တွင်သည့် အကျယ်အဝန်း (၃၅ ပေ x ၅၀ ပေ) ရှိ ရွာမြေကွက် အပါအဝင် ယင်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ ကို လက်ရှိထားအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်အကျိုးခံစားမှု အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်သော **ဒေါ်ထွေးကြည် [၁၂/မဂဒ(နိုင်)၁၂၀၂၀၁]၊ ဦးသက်ဦး [၁၂/မဂဒ(နိုင်)၀၄၁၂၄၉]၊ ဒေါ်လဲ့လဲ့ခိုင် [၁၂/မဂဒ(နိုင်)၀၂၀၁၆၆]၊ ဦးနိုင်နိုင် (ခ) သက်နိုင် [၇/ပခန(နိုင်)၂၁၈၀၂၈]၊ ဦးသက်လွင် [၁၂/မဂဒ(နိုင်)၀၁၉၉၀၇]၊ ဒေါ်သီတာခိုင် [၁၂/မဂဒ(နိုင်)၀၂၀၁၆၇]၊ ဒေါ်နီနီခိုင် [၁၂/မဂဒ(နိုင်)၀၈၈၅၃၄]၊ ဦးမြဇော်ထွေး [၁၂/မဂဒ(နိုင်)၁၀၀၅၃၆]** တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထက်ကို ( LL.B )** | **ဦးထက်ဦးလွင် ( LL.B )** |
| **အထက်တန်းရှေ့နေ ( စဉ်–၄၁၆၂၄ )** | **အထက်တန်းရှေ့နေ (စဉ်–၅၂၆၆၆)** |
| **ဖုန်း – ၀၉ ၇၈၅၅၈၄၃၀၇** | **ဖုန်း – ၀၉ ၂၅၀၀၂၁၇၀၈** |

**အမှတ်–၁၂၂ ၊ ပထမထပ်(ဝဲ) ၊ ၃၉–လမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ မြေကွက်အမှတ်(၃၂၃၄၊၃၆) မြေကွက်အကျယ်(၃၂ပေx၆၀ပေ)ပေါ်တွင်မြေရှင်နှင့် ကန်ထရိုက်တာတို့ ကန်ထရိုက်တိုက်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၅)ထပ်တိုက်၏ (၁၅ပေx၅၅ပေ) အကျယ်အဝန်းရှိ မြေညီထပ်နှင့် မြေအောက်ခန်းပါဝင်သည့် ကိုယ်ပိုင် လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် တိုက်ခန်းကိုအရပ်ကတိစာချုပ်အဆက် ဆက်ဖြင့် ဝယ်ယူ ပိုင်ဆိုင်သူဖြစ်သော ဒေါ်နန်းကေသီအောင် [၇/ရကန(နိုင်) ၀၃၅၇၃၇] မှ တရားဝင်ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် တိုက်ခန်း အပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သူမှလည်း အပြီးပြတ်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းအပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့် ( LL.B,D.B.L,D.M.L,D.I.L )** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၅၆၈၃) (၂၈–၆–၁၉၉၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၄၇၇)(၂၁–၁၂–၂၀၂၁)** |

**အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၄၃၀၃၂၁၈၁၊ ဖုန်း–၀၉–၄၂၁၀၈၆၁၆၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅) ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ တိုက်အမှတ်(၉၃၇) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် ပထမထပ်၊ (၂)လွှာ တိုက်မျက်နှာမူလျှင် လက်ယာဘက်ခြမ်း၊ အခန်း အမှတ်(ဘီ–၂)၊ အကျယ်အဝန်း (၁၇ ပေ x ၅၄ပေ) အကျယ်ရှိ ရေ+မီးစုံလင်စွာပါရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေထွဋ်ခေါင်[၁၂/ဒဂတ(နိုင်)၀၇၄၃၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့် နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးလှမြင့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၂၂၂/၂၀၀၄)**
**အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်(ဘီ၂)၊ ၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၆၉၂၃၅၆၆၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် (၃၃) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ ဓာတ်လှေကားပါ (၈ ၁/၂)ထပ်တိုက်၏ စတုတ္ထထပ်၊ (၅–လွှာ)၊ (ဗားဂရာ လမ်းဘက်အခြမ်း) ၊ အကျယ်အဝန်း (၂၇ x ၄၅) ပေခန့်ရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင် မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကိုဝယ်ယူရန် ဦးကျော်ဆန်းရွှေ၊ ဦးစိုးမြင့်သိန်း (ကန်ထရိုက်တာ များ) တော်ဝင်ပတ္တမြားဆောက်လုပ်ရေးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခု ရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်ချွန် [၁၂/လသန(နိုင်)၀၁၈၅၆၈] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့် LL.B (စဉ်–၁၀၀၆၃)** | **ဒေါ်အိဖြိုးဇင် LL.B, DBL (စဉ်–၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း–၀၉ – ၄၂၁၀၃၅၉၆၃** | **ဖုန်း–၀၉ – ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သဘာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ ...**

❖ **သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင်ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄) တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၃

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်ပြိုင်ပွဲများကို မတ် ၁ ရက်နှင့် ၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ လိဂ်-၁ ပြိုင်ပွဲတွင် MIU အသင်း၊ လိဂ်-၂ ပြိုင်ပွဲတွင် TG United အသင်း ဆက်လက်ဦးဆောင်နေသည်။

ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် MH Dream Team အသင်းက ဖူဆယ်ချစ်သူအသင်းကို ကိုးဂိုး-သုံးဂိုး၊ VUC အသင်းက SGF အသင်းကို ခုနစ်ဂိုး-သုံးဂိုး၊ MIU အသင်းက YRG အသင်းကို ခြောက်ဂိုးပြတ်၊ Generations အသင်းက YCDC Marga အသင်းကို လေးဂိုး-တစ်ဂိုး၊ Winner Soccer အသင်းက M2K အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ်(၁၄)အပြီးတွင် MIU အသင်းက ရမှတ် ၄၀၊ MH Dream Team အသင်းက ၃၂ မှတ်၊ YRG အသင်းက ၂၄ မှတ်၊ VUC အသင်းက ၂၁ မှတ်၊ M2K အသင်းက ၁၉ မှတ်၊ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❂



ဖူဆယ်လိဂ်-၁ ပြိုင်ပွဲတွင် MIU အသင်းနှင့် YRG အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

### ယနေ့ ဖတ်စရာ


**ပန်းတောင်းမြို့နယ် ဘူးဘက်ကျေးရွာ စစ်ဆေးရေးဂိတ်၌ ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၅

**ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုများကြားမှ တံတားတစ်စင်းဖြစ်သည့် ခရီးသွားလုပ်ငန်း**

ဆောင်းပါး စာမျက်နှာ » ၁၈

**သဒ္ဒါနည်းအမှားများ**

ဘာသာစကား သိမှတ်ဖွယ် စာမျက်နှာ » ၂၁






## လာမည့်ရက်ပိုင်းအတွင်း ကျင်းပမည့် ONE MMA ပြိုင်ပွဲများတွင် မြန်မာဖိုက်တာ သုံးဦး၏ တွဲဆိုင်းများပါဝင်မည်

ရန်ကုန် မတ် ၃

ONE Championship အဖွဲ့အစည်းက လာမည့်ရက်ပိုင်းအတွင်းကျင်းပမည့် ပြိုင်ပွဲများတွင် မြန်မာဖိုက်တာ သုံးဦး၏ တွဲဆိုင်းများ ပါဝင်လာမည်ဖြစ်သည်။

မတ် ၇ ရက်တွင်ကျင်းပမည့် ONE Friday Fights 99 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သက်လွင်အောင်၏တွဲဆိုင်း ပါဝင်မည်ဖြစ်သည်။ သက်လွင်အောင်သည် ONE နှင့် ပွဲဦးထွက်ပွဲ ထိုးသတ်ရခြင်းဖြစ်ပြီး ဂျပန်ဖိုက်တာ ဟာရူယူကီနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍

## အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဘုန်းမောက်နဲ့ မန်စီးတီး ပရက်စ်တန်နဲ့ အက်စ်တွန်ဗီလာတို့ ထိပ်တိုက်တွေ့ဆုံနေ

အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တွေကို မဲခွဲဆုံးဖြတ်ခဲ့ရာမှာ ဘုန်းမောက်အသင်းနဲ့ မန်စီးတီးအသင်း၊ ပရက်စ်တန်အသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိပါတယ်။

အခြားသော အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တွေမှာတော့ ဖူလ်ဟမ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ အက်ဖ်အေဖလား ၁၆ သင်းအဆင့်ပွဲစဉ်မှာ မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး မန်ယူအသင်းကို အနိုင်ရကာ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဘရိုက်တန်အသင်းကတော့ အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ နော့တင်ဟမ်ဖောရက်စ်အသင်း သို့မဟုတ် အစ်ဆွစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။ ဘရိုက်တန်အသင်းဟာ အက်ဖ်အေဖလား ၁၆ သင်းအဆင့်ပွဲစဉ်မှာ နယူးကာဆယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❒

